လယ်ပုံလေးကျေးရွာ

မိုးညှင်းမြို့နယ်

ကျေးရွာဖွံ့ဖြိုးရေး စီမံကိန်း(၂၀၁၆- ၂၀၂၀)

ပြုစုရေးဆွဲသူ

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ပုံလေးကျေးရွာ၊ မိုးညှင်းမြို့နယ်

(မွေးမြူရေး၊ ရေလုပ်ငန်းနှင့်ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊
ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကူညီရေးဆွဲသည်)

၂၀၁၅ ခုနှစ်၊ ဒီဇင်ဘာလ

မာတိကာ

မာတိကာ ၁

စကားချီး ၄

လယ်ပုံလေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ် ၆

အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေးဗျူဟာနှင့် အစီအစဉ် ၇

(၁) နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု ၇

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

(၂) ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ ၉

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

(ခ) သဘာဝအရင်းအမြစ်များ

(၃) ကျေးရွာ၏ လူမှုဖွံ့ဖြိုးတိုးတက်ရေး အခြေအနေ ၉

(က) လူဦးရေဆိုင်ရာ အချက်အလက်များ

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

(ဃ) ကျန်းမာရေးနှင့် အာဟာရ

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

(စ) ကျားမဆိုင်ရာ ဆက်နွယ်မှု

(၄) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ ၁၁

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာ စီမံခန့်ခွဲမှု

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

(ဇ) အခြေခံ အဆောက်အဦများလက်လှမ်းမီမှု - လမ်း၊ တံတား၊ လျှပ်စစ်စွမ်းအား၊ သတင်းနှင့် ဆက်သွယ်ရေး

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူ့လုံခြုံရေး

(၅) ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ ၁၄

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(၆) ကျေးရွာဖွံ့ဖြိုးရေး ပန်းတိုင်နှင့် ဗျူဟာ ၁၅

(၇) **ကျေးရွာဖွံ့ဖြိုးတိုးတက်မှု ကိစ္စရပ်များနှင့် ဗဟိုအဆင့် မူဝါဒများအကြား အစီအစဉ် ကျသော ချိတ်ဆက်မှုများ** ၁၆

(၈) **ဦးစားပေးစီမံချက်များနှင့် အကောင်အထည်ဖော် ဆောင်ရွက်မည့် အချိန်ကာလ** ၁၈

(က) နှစ်စဉ် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

(ခ) ကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံချက်အုပ်စု သတ်မှတ်ခြင်း

(ဂ) ဦးစားပေး စီမံချက်များ

(ဃ) အကောင်အထည်ဖော်မည့် အချိန်ကာလ

(၉) **ဘတ်ဂျက်နှင့် ငွေကြေးဆိုင်ရာ အစီအစဉ်** ၂၅

(၁၀) **ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ အကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ** ၂၇

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

(ခ) ဖွံ့ဖြိုးရေး မိတ်ဖက် အဖွဲ့အစည်းများ

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

(ဃ) ကျေးရွာ၏ ဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန် နှင့် ပြုပြင်ထိန်းသိမ်းရန် အတွက် အဖွဲ့အစည်းဆိုင်ရာနှင့် ငွေကြေးဆိုင်ရာ အစီအစဉ်များ

(၁၁) **စီမံကိန်း ကြီးကြပ်စစ်ဆေးခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း** ၂၈

(က) ကြီးကြပ်စစ်ဆေးခြင်း

(ခ) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်း ဆောင်ရွက်ပြီးစီးမှု အကဲဖြတ်ခြင်း

(ဂ) နည်းပညာဆိုင်ရာ အကူအညီ

နောက်ဆက်တွဲ

နောက်ဆက်တွဲ (၁) စီမံကိန်း ဇယားများ ၃၁

(၁) လူမှုစီးပွားရေး အခြေအနေ

ဇယား ၁ လူဦးရေနှင့် လူဦးရေဆိုင်ရာ အချက်အလက်များ

ဇယား ၂ လုပ်သားအင်အားနှင့် ဝင်ငွေရလုပ်ငန်း အမျိုးအစား

ဇယား ၃ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု

ဇယား ၄ ဓာတ်သတ္တုနှင့် အခြားသဘာဝ အရင်းအမြစ်များ

ဇယား ၅ ဥစ္စာဓန အဆင့် အခြေအနေ

ဇယား ၆ ကျေးရွာ၏ ဝမ်းစာဖူလုံမှု အခြေအနေ

ဇယား ၇ ကူညီ စောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှုအခြေအနေ

ဇယား ၈ ကျေးရွာ၏ ထိခိုက်သက်ရောက်လွယ်မှု အခြေအနေ

ဇယား ၉ ထိခိုက်သက်ရောက်မှု ခံရနိုင်သည့် အုပ်စု

(၂) ကဏ္ဍအသီးသီး၏ လက်ရှိ ဖွံ့ဖြိုးမှု အခြေအနေ

ဇယား ၁၀ ကျေးရွာတွင်းရှိ လူထုအခြေပြု အဖွဲ့အစည်းများ

ဇယား ၁၁ ကျေးရွာဖွံ့ဖြိုးရေး ဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

ဇယား ၁၂ ကျေးရွာ၏ စိုက်ပျိုးမြေ ပိုင်ဆိုင်မှု၊ မြေယာပိုင်ဆိုင်သည့် အိမ်ထောင်စု

ဇယား ၁၃ ကျေးရွာ၏ ရေအရင်းအမြစ် နှင့် ရေသွင်းဧရိယာ

ဇယား ၁၄ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား ၁၅ ကျေးရွာ၏ စိုက်ပျိုးရေးသုံး ကိရိယာများ ပိုင်ဆိုင်မှု

ဇယား ၁၆ သီးနှံထုတ်လုပ်မှု တိုးစေရန်အတွက် အခွင့်အလမ်းများ

ဇယား ၁၇ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၁၈ မွေးမြူရေးနှင့်ငါးလုပ်ငန်း ဆောင်ရွက်မှု အခြေအနေ
ဇယား ၁၉ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ
ဇယား ၂၀ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ
ဇယား ၂၁ စိုက်ပျိုးမွေးမြူရေး မဟုတ်သော အသက်မွေးလုပ်ငန်းများ
ဇယား ၂၂ စိုက်ပျိုးမွေးမြူရေးမဟုတ်သော စီးပွားရေးလုပ်ငန်းများအတွက် အခွင့်အလမ်း၊ ပြဿနာနှင့်အခက်အခဲများ
ဇယား ၂၃ ကုန်စည်နှင့် ဝန်ဆောင်မှု၊ ဈေးကွက်လက်လှမ်းမီမှု အခြေအနေ
ဇယား ၂၄ ငွေကြေးလက်လှမ်းမီမှုနှင့် ဘဏ်လုပ်ငန်း
ဇယား ၂၅ သဘာဝပတ်ဝန်းကျင်နှင့် သဘာဝ အရင်းအမြစ် စီမံခန့်ခွဲမှုအတွက်လက်ရှိ အလေ့အကျင့်နှင့် အခက်အခဲများ
ဇယား ၂၆ သဘာဝပတ်ဝန်းကျင်ဆိုင်ရာ အခက်အခဲများနှင့် သဘာဝဘေးအန္တရာယ် လျော့ချရေး အစီအမံများ
ဇယား ၂၇ မူလတန်း၊ အလယ်တန်း၊ အထက်တန်းနှင့် တက္ကသိုလ်ပညာ ပြီးစီးမှုနှုန်း
ဇယား ၂၈ ကျောင်းအပ်နှုန်း
ဇယား ၂၉ စာသင်ကျောင်းဆောင် အခြေအနေ
ဇယား ၃၀ ပညာရေး အခက်အခဲနှင့် ပြဿနာများ
ဇယား ၃၁ အဖြစ်များသော ရောဂါများ
ဇယား ၃၂ ကျန်းမာရေး အထောက်အပံ့နှင့် ဝန်ဆောင်မှုများ
ဇယား ၃၃ သောက်သုံးရေ ရရှိမှု
ဇယား ၃၄ သန့်ရှင်းရေး အခြေအနေ
ဇယား ၃၅ ကျေးရွာ၏ လမ်း၊ တံတားတည်ရှိမှု အခြေအနေ
ဇယား ၃၆ ရေကြောင်း သယ်ယူပို့ဆောင်ရေး
ဇယား ၃၇ သယ်ယူပို့ဆောင်ရေးယာဉ်များ
ဇယား ၃၈ လျှပ်စစ်မီးရရှိမှု အခြေအနေ
ဇယား ၃၉ ဆက်သွယ်ရေးနှင့် သတင်းအချက်အလက် နည်းပညာ အခြေအနေ
ဇယား ၄၀ ယဉ်ကျေးမှုနှင့် လူငယ်ဖွံ့ဖြိုးရေး အခြေအနေ
ဇယား ၄၁ ဘေးကင်းလုံခြုံရေး၊ ဝန်ဆောင်မှု အထောက်အကူများအား လက်လှမ်းမီမှု
ဇယား ၄၂ မှုခင်းဖြစ်ပွားမှု အခြေအနေ

နောက်ဆက်တွဲ (၂) ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေမည့် အခြေအနေကောင်းများ၊ အဟန့်အတားနှင့် ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ်မှုများ ၆၅

ဇယား ၄၃ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးကို အထောက်အပံ့ဖြစ်စေသော အခြေအနေကောင်းများ
ဇယား ၄၄ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးအတွက် အဟန့်အတားနှင့်ရင်ဆိုင်ကျော်လွှားရမည့် စိန်ခေါ် မှုများ

နောက်ဆက်တွဲ (၃)ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ) ၆၇

ဇယား ၄၅ ကျေးရွာ ဖွံ့ဖြိုးရေးကွင်းဆက် (ပြဿနာ ဆန်းစစ်ခြင်းမှ ဖြေရှင်းနည်း အထိ)

ကိုးကားစာရင်း ၇၆

အပိုင်း (ခ) စီမံချက်ဆိုင်ရာ အချက်အလက် ၇၇

စီမံချက်ဆိုင်ရာ အချက်အလက် ပုံစံ ၇၇

စကားချီး

ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် ၂၀၁၅/၁၆ ဘဏ္ဍာရေးနှစ်မှ ၂၀၁၉/၂၀ ခုနှစ် အထိ (၅)နှစ်ကြာ အကောင်အထည်ဖော်ဆောင်ရွက်မည့် ကျွန်ုပ်တို့ကျေးရွာ၏ ပထမဦးဆုံးသော ကျေးရွာသားများပူးပေါင်းပါဝင် ရေးဆွဲထားသည့် ကျေးရွာဖွံ့ဖြိုးရေးစီမံချက် ဖြစ်ပါသည်။ကနဦးအနေဖြင့် စီမံချက်ဖြစ်မြောက်ရေးအတွက် လိုအပ်သော နည်းပညာများ ပံ့ပိုးပေးသော မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနအား အထူးပင်ကျေးဇူးတင်ရှိပါသည်။ အရေးကြီးသော အချက်အလက်များနှင့် အကြံဉာဏ်များကို တက်တက်ကြွကြွ ပံ့ပိုးပေးသော ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူးနှင့် သက်ဆိုင်ရာဝန်ထမ်းများကို လည်းကျေးဇူးတင်ရှိပါသည်။

ကျွန်ုပ်တို့ကျေးရွာတွင် ကျွန်ုပ်တို့ကိုယ်တိုင်ရပ်ရွာလုပ်ငန်းများကို အစီအစဉ်ချမှတ် ဆောင်ရွက်ခဲ့ကြသော်လည်း လူထုအများ စနစ်တကျပူးပေါင်းပါဝင်ဆောင်ရွက်သည့် နည်းလမ်းများနှင့် လုပ်ထုံးလုပ်နည်းများကို မသိခဲ့ကြပါ။ လူထုကိုယ်တိုင် စနစ်တကျ ပူးပေါင်းဆောင်ရွက်နည်းကို အသုံးပြု၍ ကျွန်ုပ်တို့အချင်းချင်းတိုင်ပင်ဆွေးနွေးညှိနှိုင်း အဖြေရှာကြရာတွင် ကူညီပံ့ပိုးပေးသည့် အစီအစဉ်ရေးဆွဲရေး ကျွမ်းကျင်သူအဖွဲ့တစ်ဖွဲ့ကို မြို့နယ်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ စီစဉ်ဆောင်ရွက်ပေးပါသည်။ ဤလုပ်ငန်းစဉ်ကြောင့်ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်ရေးဆွဲရာတွင် ကိန်းဂဏန်းနှင့် သတင်းအချက်အလက်တို့၏ အရေးပါမှုကို သိရှိရုံသာမက ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံးကဲ့သို့သော ကိန်းဂဏန်းအချက်အလက်ရရှိနိုင်သော နေရာများမှလည်း ကောက်ယူရရှိခဲ့ပါသည်။ ထို့ပြင်ထပ်မံလိုအပ်သော ကိန်းဂဏန်း ၊ အချက်အလက်များနှင့် နည်းပညာပံ့ပိုးမှုတို့ကို မြို့နယ်အဆင့် ဌာနဆိုင်ရာများမှ ရယူရန်လိုအပ်ကြောင်း ကိုလည်းကောင်း စွာသိရှိခဲ့ပါသည်။

ယခုရေးဆွဲထားသောအစီအစဉ်ကို ထပ်မံရရှိသည့်ကိန်းဂဏန်းအချက်အလက်များ ထပ်ဖြည့်ပေးခြင်းဖြင့် ပိုမိုကောင်းမွန်လာမည်မှာသေချာပါသည်။ ဤလုပ်ငန်းသည် ဆက်လက်လုပ်ဆောင်ရမည့် လုပ်ငန်းဖြစ်ပြီး ဆောင်ရွက်နေမှုတစ်ဝက်ခန့်အရောက်တွင် လုပ်ငန်းတိုးတက်မှု၊ ပေါ်ပေါက်လာသည့် အခက်အခဲများနှင့် ဦးစားပေး ရွေးချယ်မှုများနှင့် လုပ်ငန်းအစီအစဉ်များကို မူဘောင်အတွင်းပြုပြင်ပြောင်းလဲမှုများ ဆက်လက်လုပ်ဆောင်သွားရပါမည်။

ဤဖွံ့ဖြိုးရေးအစီအစဉ်တွင် ဖော်ပြပါရှိသော ဦးစားပေးလုပ်ငန်းများ စုစည်းဆောင်ရွက်နိုင်ရန်အတွက် ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနတို့၏ ဆက်လက်ပံ့ပိုးမှုများရရှိနိုင်မည်ဟုကျွန်ုပ်တို့မျှော်လင့်ပါသည်။ ဆက်လက်၍ နောင်တွင်လည်း ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးဆိုင်ရာ အားထုတ်မှု အခြေအနေများကို ဆန်းစစ်သုံးသပ်ရန်နှင့် အကဲဖြတ်ရန် အတွက်ပံ့ပိုးကူညီမှုများ ရရှိနိုင်မည်ဖြစ်ပါကြောင်း ယုံကြည်ပါသည်။

ဤအစီအစဉ်တွင်အပိုင်း(၂)ပိုင်းပါရှိပါသည်။ အပိုင်း(က)တွင် ဖွံ့ဖြိုးရေးဗျူဟာနှင့် လုပ်ငန်းအစီအစဉ်တို့ ပါဝင်သည်။ အကောင်အထည်ဖော်မည့်ဗျူဟာ၊ ဦးစားပေး လုပ်ငန်း အစီအစဉ်များ၊ ဘတ်ဂျက်နှင့်ငွေကြေးဆိုင်ရာရရှိနိုင်မည့် လမ်းကြောင်းနှင့် လုပ်ငန်းဆောင်ရွက်မှု အဆင့်ဆင့်တို့ကို အဓိကဖော်ပြထားပါသည်။ အပိုင်း(ခ)သည် စီမံကိန်းဆိုင်ရာ အချက်အလက်၊ အကြောင်း အရာများ ဖြစ်ပြီး အဆိုပြုစီမံကိန်း လုပ်ငန်းများ၏ အသေးစိတ် အချက်အလက် များပါ ဝင်သည်။


ဒီဇင်ဘာလ၊ ၂၀၁၅ ခုနှစ်။

ကျေးရွာဖွံ့ဖြိုးရေးကော်မတီ

လယ်ပုံလေးကျေးရွာ

မိုးညှင်းမြို့နယ်၊ ကချင်ပြည်နယ်

လယ်ပုံလေးကျေးရွာ အရင်းအမြစ်ပြမြေပုံ၊ မိုးညှင်းမြို့နယ်



အပိုင်း(က) ကျေးရွာဖွံ့ဖြိုးရေး ဗျူဟာနှင့် လုပ်ငန်းစဉ်

၁။ နိဒါန်း- ကျေးရွာဖွံ့ဖြိုးရေးရည်ရွယ်ချက်နှင့် လွှမ်းခြုံသက်ရောက်မှု

(က) ရည်ရွယ်ချက်နှင့် ကျိုးကြောင်း ဖော်ပြချက်

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်သည်အစိုးရဌာနများ၊ ပြည်တွင်း/ပြည်ပအဖွဲ့အစည်းများ၏ နိုင်ငံအတွင်း ဆောင်ရွက်ခဲ့ပြီးသော ဖွံ့ဖြိုးရေးလုပ်ငန်းအတွေ့အကြုံများကို လေ့လာသုံးသပ်ပြီး တစ်နိုင်ငံလုံး ကျေးရွာဖွံ့ဖြိုးရေးစီမံကိန်းများ ရေးဆွဲအကောင်ထည်ဖော်မည့် အစီအစဉ်သစ်ဖြစ်ကြောင်း သိရှိရပါသည်။

ကျွန်ုပ်တို့၏ ပထမဦးဆုံးသော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို နိုင်ငံတော်၏ အကူအညီဖြင့် ရေးဆွဲရာတွင် ကျေးရွာလူကိုယ်တိုင် တက်ကြွစွာပါဝင်၍ ရေးဆွဲခဲ့ပါသည်။ ယခင်က ဖွံ့ဖြိုးရေး အစီအစဉ် ရေးဆွဲရေး အတွေ့အကြုံမရှိခဲ့ပါ။ ဤအစီအစဉ် ရေးဆွဲပြီးနောက် ကျေးရွာ၏ ဖွံ့ဖြိုးရေး ဆိုင်ရာ ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ပြုစုရန် အရေးကြီးပုံကို အလေးထား မိလာကြပါသည်။ ထို့အပြင်ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးရုံး၊ ဌာနဆိုင်ရာများစသည်တို့ထံမှ လိုအပ်သော ကိန်းဂဏန်း၊ သတင်းအချက်အလက်များ ရယူရန်နှင့် ကျွန်ုပ်တို့၏ ကျေးရွာစီမံကိန်း အကောင်အထည်ဖော်ရန် လိုအပ်သော နည်းပညာများရရှိရန် အရေးကြီးကြောင်းကိုပါ သတိပြုမိပါသည်။

ဤအစီအစဉ်တွင် ကျေးရွာ၏ လက်ရှိလူမှုစီးပွားရေးနှင့် ဖွံ့ဖြိုးရေးအခြေအနေများ၊ ကြုံတွေ့နေရသော ပြဿနာများ၊ ထိုပြဿနာများ ဖြစ်ရသည့်အရင်းခံအချက်များ၊ ဖွံ့ဖြိုးရေးကို အပံ့အပိုး ဖြစ်စေသောအချက်များနှင့် အဟန့်အတားဖြစ်စေသောအချက်များ၊ (၅) နှစ်တာကာလ အပြီးတွင် ရရှိအောင်ဆောင်ရွက်လိုသည့် ရည်မှန်းချက်များ၊ ထိုရည်မှန်းချက်များရရှိရန် ကျွန်ုပ်တို့ ကျေးရွာအနေနှင့် ဆောင်ရွက်မည့်နည်းဗျူဟာများ၊ စီမံချက်များကို ရှင်းရှင်းလင်းလင်း ဖော်ပြထားပါသည်။ ထို့ပြင် ဦးစားပေးလုပ်ငန်းများ လုပ်ဆောင်ရန် လိုအပ်သော အရာများနှင့် ငွေကြေးရရှိနိုင်မည့် လမ်းကြောင်းများကိုလည်း ဖော်ပြထားပါသည်။

ကျွန်ုပ်တို့၏ဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သော အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ အရပ်ဖက်လူမှုရေးအဖွဲ့အစည်းများ၊ ပုဂ္ဂလိကကဏ္ဍ၊ ဘဏ်များ၊ စာပေပညာရှင်များ၊ သတင်းနှင့် ပြည်သူ့ဆက်သွယ်ရေးအဖွဲ့အစည်းများ၏ အာရုံစိုက်မှုကိုရစေပြီး ကျေးရွာဖွံ့ဖြိုးရေးနှင့် ပတ်သက်သူ မှန်သမျှတို့သည် ဤအစီအစဉ်မှတ်တမ်း၏ အသုံးဝင်မှုများကိုသိရှိစေရန် မျှော်လင့်ပါသည်။

ကျွန်ုပ်တို့၏ ကျေးရွာအဆင့် အားထုတ်မှုများအတွက် မူဝါဒနှင့်ဖွံ့ဖြိုးရေးဆိုင်ရာ အကူအညီများကို စုစည်းဆောင်ရွက်ပေးနိုင်ရန် ဤဖွံ့ဖြိုးရေးစီမံချက်ကို မြို့နယ်အဆင့်၊ ပြည်နယ်နှင့် တိုင်းအဆင့်၊ ပြည်ထောင်စုအဆင့် အစိုးရအဖွဲ့အစည်းများအား တင်ပြမည် ဖြစ်ပါသည်။ ပုဂ္ဂလိက ကဏ္ဍအဖွဲ့များအတွက် အသုံးဝင်မှုများအနေဖြင့် ကျေးရွာလူထု၏လိုလားချက်နှင့် ၎င်းတို့၏

စီးပွားရေးဆိုင်ရာ ဝန်ဆောင်မှုများ ချိတ်ဆက်မှုဖွံ့ဖြိုးလာစေရန် ဗျူဟာမြောက် ဆောင်ရွက်လာနိုင်မည် ဖြစ်သည်။

အစိုးရမဟုတ်သောအဖွဲ့အစည်းများ (NGOs)၊ အရပ်ဖက်လူမှုအဖွဲ့အစည်းများ (CSOs) နှင့် အလှူရှင် အဖွဲ့အစည်းများသည် ကျေးရွာလူထု၏ အမှန်တကယ် လိုအပ်ချက်များနှင့် ဦးစားပေး ဆောင်ရွက်ရမည့် လုပ်ငန်းများအား ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။ ဘဏ်လုပ်ငန်းရှင်များနှင့် အသေးစားချေးငွေ လုပ်ငန်းရှင်များအနေဖြင့် ကျေးလက်ဒေသရှိ ငွေကြေးဆိုင်ရာ လိုအပ်ချက်များ အတွက် သတင်း အချက်အလက်များ ပိုမိုသိရှိလာနိုင်မည် ဖြစ်သည်။

နည်းပညာအထောက်အပံ့ပေးမည့် အဖွဲ့အစည်းများနှင့် တက္ကသိုလ်များအနေဖြင့် ကျွန်ုပ်တို့ ကျေးရွာနှင့် ကျေးလက်လူထု၏ တိကျသောလိုအပ်ချက်များအား သိရှိလာခြင်းကြောင့် ကျွန်ုပ်တို့ ကျေးရွာနှင့်ဆိုင်သော ၎င်းတို့၏သုတေသနလုပ်ငန်းများကိုစီစဉ်ဆောင်ရွက် လာနိုင်မည်ဖြစ်သည်။

မီဒီယာများ၊ ပြန်ကြားဆက်သွယ်ရေးနှင့် ပြည်သူ့အရေးရပ်တည်မှုပေးသည့် အဖွဲ့အစည်းများ အနေ ဖြင့် ယုံကြည်ရလောက်သည့် သတင်းအချက်အလက်များကို ရရှိနိုင်မည်။

နိုင်ငံတကာဖွံ့ဖြိုးရေးမိတ်ဖက်များဖြစ်သည့် ကုလသမဂ္ဂအဖွဲ့အစည်းများ၊ နိုင်ငံတကာ ငွေကြေးဆိုင်ရာ အဖွဲ့အစည်းများ (ကမ္ဘာ့ဘဏ်၊ အာရှဖွံ့ဖြိုးရေးဘဏ်)၊ နိုင်ငံတကာ အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် အလှူရှင်အဖွဲ့အစည်းများ အနေဖြင့် ၎င်းတို့အချင်းချင်း ပေါင်းစည်း ဆောင်ရွက်မှု ပိုမို ကောင်းမွန်စေပြီး ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်များကို မြို့နယ်အဆင့်တွင် ပေါင်းစပ်ညှိနှိုင်း စီစဉ်မှုများ ပြုလာနိုင်ပါမည်။

(ခ) စီမံကိန်း၏ လွှမ်းခြုံသက်ရောက်မှု

ယခင်ကဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲရာတွင် အချိန်ကာလတစ်ခုအတွင်းကျွန်ုပ်တို့ကိုယ်တိုင် ထည့်ဝင်နိုင်သောငွေကြေး၊ အစိုးရနှင့်အခြားအဖွဲ့အစည်းများထံမှ ရရှိနိုင်မည့်အကူအညီများကို အခြေခံကာဦး စားပေးစီမံချက်များချမှတ်ခဲ့ကြပါသည်။ယခုအခါယင်းသို့မဟုတ်ဘဲ ကျယ်ပြန့်သည့် ဖွံ့ဖြိုးရေးအမြင် ဖြင့်ရေးဆွဲထားပါသည်။

လူထုဦးဆောင်ပါဝင်သည့် လုပ်ကိုင်နည်းဖြစ်သောကြောင့် လူတိုင်းပါဝင်ခွင့် ရရှိပြီး အမြင် ရှင်းလင်းစေကာ ဖွံ့ဖြိုးမှုဖြစ်စဉ်တွင် လူထုကို အဓိကနေရာတွင်ထားရှိခြင်း ဖြစ်ပါသည်။ ဤသို့ဖြင့် လုပ်ငန်းများကို လူထုပါဝင်၍ စုစည်းခြင်း၊ ဦးစားပေး ရွေးချယ်ဆောင်ရွက်ခြင်းအားဖြင့် ကျေးရွာ လူထု၏ ဖွံ့ဖြိုးမှုကို တိတိကျကျ ပံ့ပိုးပေးရာ ရောက်ပါသည်။

ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေး အစီအစဉ်ကို အကောင်အထည်ဖော်ရာတွင် ပစ္စည်းအခက်အခဲ၊ ငွေကြေးအခက်အခဲ၊ နည်းပညာ အခက်အခဲများ ရှိနေပါသည်။ သို့ဖြစ်၍ လက်တွေ့အကောင်အထည် ဖော်ရာတွင် ကျွန်ုပ်တို့ကျေးရွာ၏ ဖွံ့ဖြိုးရေးလိုအပ်ချက်များအား အများဆုံးနှင့်အထိရောက်ဆုံး

ဖြည့်ဆည်းနိုင်မည့်စီမံချက်များကို နှစ်အလိုက် ဦးစားပေးရွေးချယ်ဆောင်ရွက်ပါမည်။ ကျွန်ုပ်တို့၏ စွမ်းရည်နှင့်လိုအပ်သော အရင်းအနှီးများ ပြည့်စုံမှု အပေါ်မူတည်၍ နောင်တွင် တဖြည်းဖြည်း တိုးချဲ့ ဆောင်ရွက်သွားမည့် အစီအစဉ်မျိုး ဖြစ်ပါသည်။

၂။ ကျေးရွာ၏ ပထဝီဝင် အနေအထားနှင့် သဘာဝအရင်းအမြစ်များ

(က) တည်နေရာ၊ ရာသီဥတုနှင့် မြေမျက်နှာသွင်ပြင် အနေအထား

ကျေးရွာသည် အင်းတော်ကြီးအင်းဘေးတွင်ရှိသည်။ ရွာတန်းရှည်ရွာလေးတစ်ရွာဖြစ်သည်။ မိုးညှင်းမြို့နှင့် ၃၂မိုင်၊ ဟိုပင်မြို့နှင့် ၁၂မိုင် ကွာဝေးသည်။ နန့်မွန်း– ရွှေလက်ပံ ကျေးရွာဆက်လမ်း မှတဆင့် လယ်ပုံလေး – ရွှေလက်ပံလမ်းဖြင့်ရွာသို့သွားရောက်နိုင်သည်။ ၂၀၁၅ခုနှစ် မိုးရေချိန် မှတ်တမ်းအရ ဒေသ၏တစ်နှစ်ရွာသော ပျမ်းမျှမိုးရေချိန်မှာ(၇၀.၆၂)လက်မ ရှိသည်။ မိုးရွာသွန်သော ရက်ပေါင်း (၁၀၉)ရက်ရှိသည်။ မြေမျက်နှာပြင်မှာ အနည်းငယ်နိမ့်သည့်အတွက် မိုးရာသီချိန်များတွင် ရွာလမ်းများ၊ ရေတွင်းများ ရေမြှုပ်တတ်သည်၍ မိုးရေကို သောက်သုံးရေအဖြစ် အသုံးပြုကြသည်။ ရွာပတ်ဝန်းကျင်တွင် လယ်မြေများ၊ တောတန်းနှင့် တောင်ကုန်းများရှိသည်။

(ခ) သဘာဝအရင်းအမြစ်များ

အင်းတော်ကြီးကန်မှ ငါးများရရှိနိုင်သည်။ အင်းတော်ကြီးအချို့နေရာများတွင် ရွှေမှော်၊ ကျောက်မှော်များရှိသည်။ တောတောင်မှ ထင်း၊ မျှစ်များရနိုင်သည်။ အင်းကမ်းစပ် မြေများသည် မြေဆီညြဖောကောင်းမွန်ပြီး စိုက်ပျိုးမြေတိုးချဲ့နိုင်သည်။ မြေအောက်ရေ အနေအထားကောင်းမွန်သည်။

၃။ လူမှုဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) လူဦးရေဆိုင်ရာအချက်လက်များ

အိမ်ထောင်စု (၇၅)ရှိပြီး လုပ်သားအင်အား (၆၉)ရာခိုင်နှုန်းရှိသည်။ ရွာတွင် ပုံမှန် ဝင်ငွေရအလုပ်အကိုင်အခွင့်အလမ်းများ ရှားပါးသည်။ အချို့အမျိုးသားများမှာ မူးယစ်ဆေးဝါး သုံးစွဲနေကြ၍ အလုပ်မလုပ်နိုင် ၍ ၎င်းမိသားစုဝင်ငွေကို အမျိုးသမီးများကရှာဖွေနေကြရသည်။

(ခ) စီးပွားရေးအခြေအနေ - ဝင်ငွေ၊ ပိုင်ဆိုင်မှုနှင့် မမျှတမှု

အဓိကစီးပွားရေးလုပ်ငန်းမှာ လယ်ယာစိုက်ပျိုးရေးလုပ်ငန်းဖြစ်သည်။ ကျေးရွာရှိ လယ် ပိုင်ဆိုင်သော လယ်သမားအိမ်ထောင်စု (၃၅)ရာခိုင်နှုန်းနှင့် ကျန်အိမ်ထောင်စုများမှာ လယ်ယာ ကျပန်းအလုပ်ကို လုပ်ကိုင်ကြသော ဆင်းရဲသည့်မိသားစု (၆၅)ရာခိုင်နှုန်းရှိသည်။ ငါးဖမ်းခြင်း လုပ်ငန်းကို အိမ်ထောင်စု (၄၉)စုက ပူးတွဲဝင်ငွေရလုပ်ငန်းအဖြစ် လုပ်ကိုင်သည်။ ထို့ပြင် အိမ်ထောင်စု (၅၄)စုမှ တစ်နိုင်မွေးမြူရေးကို လုပ်ကိုင်ကြသည်။ စိုက်ပျိုးမြေပိုင်ဆိုင်မှုနှင့် လယ်ယာ

သုံးစက်ကိရိယာများ ပိုင်ဆိုင်မှုသည် အိမ်ထောင်စု၏ ဓန အခြေအနေကို ဖော်ပြပါသည်။ ကျေးရွာတွင် ဝင်ငွေရလုပ်ငန်း အခွင့်အလမ်းရရှိနိုင်မည့် အခြေအနေ အနည်းငယ် ရှိသော်လည်း လုပ်သားအင်အားနှင့် မျှတမှုမရှိသဖြင့် အခြားအရပ်ဒေသများသို့ လုပ်အား စီးဆင်းမှုများရှိသည်။

(ဂ) ဆင်းရဲနွမ်းပါးမှုနှင့် ထိခိုက်နစ်နာလွယ်မှု

ဆင်းရဲနှင့် အလွန်ဆင်းရဲမိသားစုများမှာ ဝမ်းစာရေးအတွက် ကျပန်းလုပ်ခြင်း၊ ငါးဖမ်းလုပ်ငန်းများနှင့် အသက်မွေးကြရသည်။ ငွေချေးရသည့် အကြောင်းအရင်းများမှာ လုပ်ငန်းသုံးကိရိယာဝယ်ယူရန် (၃၁)ရာခိုင်နှုန်း၊ စိုက်ပျိုးရေးသွင်းအားစုဝယ်ယူရန် (၁၄)ရာခိုင်နှုန်းနှင့် ပညာရေးလိုအပ်ချက်အတွက်ငွေချေးသူ (၁၄) ရာခိုင်နှုန်းတို့ဖြစ်ကြပြီး၊ ကျန် (၄၁)ရာခိုင်နှုန်းမှာ စားဝတ်နေရေး၊ ကျန်းမာရေးစသည့်အတွက် ချေးယူကြသည်ကို တွေ့ရှိရပါသည်။

ကျေးရွာတွင် သက်ကြီးရွယ်အို၊ မသန်စွမ်းများအတွက် ကူညီစောင့်ရှောက်မှုဖြင့် လူသားချင်းစာနာသည့် အထောက်အပံ့များမရှိသေးပါ။ ဝင်ငွေရအလုပ်အကိုင်ရှားပါးခြင်းကြောင့် အခြားအရပ်ဒေသများသို့ အလုပ်အကိုင် သွားရောက်လုပ်ကိုင်ကြသဖြင့် မူးယစ်ဆေးဝါးသုံးစွဲကာ ကူးစက်ရောဂါဖြစ်လာနိုင်သည်။

(ဃ) ကျန်းမာရေး နှင့် အာဟာရ

ကျေးရွာလူဦးရေစားသုံးနှုန်းထက် ဆန်စပါး အမြောက်အများ ထွက်ရှိခြင်း၊ အင်းမှ ဟင်းစားငါးများရရှိခြင်းကြောင့် ထမင်းနှင့် ငါးကို ပုံမှန်စားသုံးကြရသည့်အပြင် ဒေသထွက် ပဲပုပ်များနှင့် အခြားပဲဆီ၊ ဟင်းသီးဟင်းရွက်များ လက်လှမ်းမီရရှိနိုင်သည်။ အရံသားဖွား သင်တန်းတက်ပြီး သောသူရှိခဲ့သော်လည်း ကျန်းမာရေး စောင့်ရှောက်မှု မပေးနိုင်ခဲ့ပေ။ ကျန်းမာရေး ဝန်ဆောင်မှုများနှင့် ကွာဝေးကာ ကျန်းမာအောင်နေထိုင်ပြုမူသင့်သည့် ဗဟုသုတမရှိခြင်း၊ ဆေးပညာကျွမ်းကျင်သူများ၏ ညွှန်ကြားချက်မပါ သော ဆေးများကို ဆိုင်တွင် ဝယ်ယူသောက်သုံးနေကြ၍ အနာနှင့် ဆေး တစ်ခါတစ်ရံလွဲနေပြီ နာတာရှည်ရောဂါခံစားနေကြသူများရှိသည်။ ယင်လုံအိမ်သာ အသုံးပြုသည့် အလေ့အကျင့်များ ရှိကြသည်။ သောက်သုံးရေ အနေအထားမှာ ရေတွင်းများ နှစ်စဉ်ရေမြုပ်ခြင်း ရေထွက်အားကောင်းသော်လည်း ရေအဝါ ရောင်ဖြစ်၍ သဲဖြင့်စစ်သုံးနေကြရသည်။

(င) ပညာရေးနှင့် ကျွမ်းကျင်မှုများ

မူလတန်းပညာရေး ပြီးဆုံးသူ (၆၀) ရာခိုင်နှုန်းရှိပြီး၊ မိဘများ ဆင်းရဲသည့်အတွက် အလယ်တန်းပညာရေးသို့ ရာနှုန်းပြည့် တက်ရောက်နိုင်ခြင်း မရှိသည်ကို တွေ့ရှိရသည်။ အချို့မှာ ဘွဲ့ရနှင့် ပညာရေးဝန်ထမ်းဖြစ်မြောက်သွားသူများလည်းရှိသည်။ လယ်ယာလုပ်ငန်းကို ကျွမ်းကျင်စွာလုပ်ကိုင်နိုင်ကြသည်။

(စ) ကျားမ ဆိုင်ရာဆက်နွယ်မှု

ကျေးရွာလူထုအကြား ကျားမညီမျှရေးအခြေအနေများမှာ တည်ငြိမ်မှုရှိသည်ဟု ထင်ရနိုင်ပါသည်။ မိသားစုအတွင်း အမျိုးသားဦးရေသည် အမျိုးသမီးဦးရေးထက်များ ပြီး လွတ်လပ်သော လုပ်ပိုင်ခွင့်များရှိသည်ကိုတွေ့ရှိရသည်။ အိမ်တွင်းအကြမ်းဖက်မှုနှင့် ကျားမခွဲခြားမှု ပြဿနာများမရှိပါ။

အမျိုးသမီးနှင့် အမျိုးသားများတွင် တန်းတူပညာသင်ခွင့်၊ လေ့လာသင်ယူခွင့်နှင့် အခြားအရပ်သို့ သွားရောက်အလုပ် လုပ်ကိုင်ခွင့်များစသည့် အခွင့်အရေးများရှိသည်။ ပညာတတ်မြောက်မှုအရ အမျိုးသမီးဦးရေသည် အမျိုးသားဦးရေထက်များနေသည်ကို တွေ့ ရှိရသည်။

လူမှုစံသတ်မှတ်မှုများအရ အမျိုးသမီးများသည် အုပ်ချုပ်မှုအခန်းကဏ္ဍတွင် ပူးပေါင်းပါဝင်မှုနည်းပါးသည်ကို တွေ့ရသည်။ ဖွံ့ဖြိုးရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျား၊မ ညီမျှရေးနှင့် ပူးပေါင်းလုပ်ဆောင်မှုတို့သည် ဆက်နွယ်နေကြောင်းကို မိသားစုဝင်များနှင့် ရွာသူ/သားများ နားလည်ယုံကြည်မှုရှိကြသည်။

၄။ ကဏ္ဍအသီးသီး၏ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေ

(က) ဖွံ့ဖြိုးရေးဆိုင်ရာ စီမံအုပ်ချုပ်မှုစနစ်

ကျေးရွာအတွင်း အစဉ်အလာအရဖွဲ့စည်းထားသော ဂေါပကအဖွဲ့၊ အမျိုးသမီးကြီးနှင့် အမျိုးသားကြီးအဖွဲ့၊ အပျိုလူပျိုအဖွဲ့တို့သည် ဘာသာရေး၊ သာရေးနာရေးနှင့် လူမှုရေးလုပ်ငန်းများတွင် တက်ကြွစွာပူးပေါင်းလုပ်ကိုင်နေသော အဖွဲ့များဖြစ်ကြသည်။ ပြင်ပအဖွဲ့အစည်းများနှင့် ပူးပေါင်း၍ ဖွဲ့စည်းထားသော အကျိုးဆောင်အဖွဲ့များမှာ ဓမ္မစကူးလ်အဖွဲ့၊ အပြည်ပြည်ဆိုင်ရာအပင်နှင့် တောရိုင်းတိရိစ္ဆာန် ထိန်းသိမ်းရေးအဖွဲ့တို့ ဖြစ်ကြသည်။ ကျေးရွာ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေးအတွက် ပညာရေး၊ ကျန်းမာရေးနှင့် ဘက်စုံဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းများဆောင်ရွက်နိုင်ရန် ကျေးရွာအတွင်း စည်းရုံးဆော်သြပေးသည့် အဖွဲ့အစည်းများ လိုအပ်နေပါသည်။

(ခ) သီးနှံ၊ သားငါး ထုတ်လုပ်ရေးကဏ္ဍ

ယခင်က မိုးစပါးအောင်ရေကို ပြည်တော်သာဆည်မှရရှိပြီး ပြုပြင်ထိန်းသိမ်းရေးကို ဆည်မြောင်းဌာနမှ တာဝန်ယူဆောင်ရွက်ခဲ့ပါသည်။ သို့သော် ၎င်းဆည် ပျက်ဆီးသွားပြီးနောက် ၂၀၁၂ ခုနှစ်တွင် ဆဒွန်းကုန်း၊ နန့်မွန်း၊ လယ်ပုံလေးကျေးရွာမှ တောင်သူကြီးတချို့ စုပေါင်း၍ ဆည်ကို ပြန်လည်ပြုပြင်ခဲ့ပါသည်။ ထို့ကြောင့် ဆည်ရေသောက် တောင်သူများသည် ပြုပြင်စရိတ်ကို ၁ ဧကလျှင် (၃၀၀၀၀) ကျပ် ပြန်လည်ပေးသွင်းခဲ့ရပါသည်။ ပြုပြင်စရိတ် မပေးသွင်းနိုင်သော တောင်သူများသည် ဆည်ရေမရပါ။ ထို့ပြင် ၎င်းဆည်ကို ထိန်းသိမ်းစရိတ် အဖြစ် ၄ ဧကလျှင် စပါးတစ်တင်းနှုန်းဖြင့် နှစ်စဉ်ပေးသွင်းရပါသည်။

ယာသီးနှံများကို ကြွက်ဖျက်ဆီးခြင်း၊ လယ်ပုံလေး၊ နန်းမွန်း၊ ရွှေလက်ပံရွာများတွင် နွားစား ကျက်မြေမရှိသဖြင့် ကျွဲ၊ နွားများကို လယ်ပုံလေးကွင်းနှင့် အင်းကမ်းစပ်များသို့ လွှတ်ကျောင်းကြ သောကြောင့် ယာမြေစိုက်ပျိုးရန် အခက်ကြုံနေကြရသည်။ အနီးနားရွာမှ ကျွဲ၊ နွားများနွေရာသီတွင် လယ်ပုံလေးကွင်း၌ လာရောက်လွှတ်ကျောင်းကြသဖြင့် ခြံကာနိုင်သော တောင်သူများသာ စပါး အပြီးတွင်မြေပဲစိုက်နိုင်ကြသည်။ လွှတ်ကျောင်းစနစ်အပေါ် ထိန်းကွပ်သည့်မူဝါဒများ မရှိသေးခြင်း၊ စုပေါင်းမလုပ်နိုင်သေးခြင်းတို့ကြောင့် ယာသီးနှံစိုက်ပျိုးမှု နည်းသည်။

ကျေးရွာကမ်းစပ်တွင် ပလပ်မြေများရှိခြင်းသော်လည်း ကျေးရွာပိုင်မြေအဖြစ် လျှောက်ထား ရာ မရရှိသေးခြင်း၊ ၎င်းမြေများကျေးရွာပိုင်ရရှိအောင် ဆောင်ရွက်ပြီးပါက ငါးမွေးမြူရေးလုပ်ငန်း နှင့် မြေယာမဲ့များကိုစိုက်ပျိုးမြေခွဲဝေးပေးခြင်းအားဖြင့် အလုပ်အကိုင်များ ရရှိလာမည်ဖြစ်သည်။

(ဂ) စိုက်ပျိုး မွေးမြူရေးမဟုတ်သော အသက်မွေးဝမ်းကျောင်းလုပ်ငန်းများ

ဒေသအတွင်းရှိ အလုပ်အကိုင်များရှားပါးလာသဖြင့် ရွှေမှော်၊ ကျောက်မှော်များသို့ ရွှေပြောင်း လုပ်ကိုင်ကြသည်။ လယ်ပုံလေးကွင်းမှထွက်ရှိသောစပါးများကို ခြွေလှေ့ရန် နန်းများ၊ နန်းမွန်း၊ အင်းရွာစသည့်ရွာများမှ စပါးခြွေလှေ့စက်များကို ငှါးရန်ကြသည်။ စပါးတင်း(၁၀၀)လျှင် စပါး နှစ်တင်းပေးရသည့်အပြင် စက်မောင်းသူကို ကျွေးမွေးကြရသည်။ ဒေသအတွင်း စပါးခြွေလှေ့ စက်များဝယ်ယူ၍ အငှားလိုက်လုပ်ငန်း လုပ်ကိုင်နိုင်ရန် ချေးငွေဝန်ဆောင်မှုများပေးသည့်အဖွဲ့များ လိုအပ်နေပါသည်။

(ဃ) ပတ်ဝန်းကျင်နှင့် သဘာဝအရင်းအမြစ်များဆိုင်ရာစီမံခန့်ခွဲမှု

အင်းတော်ကြီး အင်းကမ်းဘေးရှိ ပလပ်မြေကို စာကျက်မြေအဖြစ် အသုံးပြုနေကြသည်။ ယင်းမြေများမှာ မြေဆီသြဇာကောင်းမွန်ပြီး စိုက်ပျိုးမြေအဖြစ် တိုးချဲ့နိုင်သည့်အပြင် ငါးမွေးမြူရေး လုပ်ငန်းကိုလည်း လုပ်ဆောင်နိုင်သည်။ ကြွက်ရန်နှင့်အဖျက်ပိုးများနှိမ်နင်းရန် ဓာတုဆေးအသုံးပြု နည်းနှင့် စွန့်ပစ်ပစ္စည်းစီမံခန့်ခွဲမှု အသိပညာဗဟုသုတသင်တန်းများ ရရှိထားခြင်းမရှိဘဲ ဓာတု ဆေးဝါးများကို အသုံးပြုကြခြင်းနှင့် ဓာတ်မြေဩဇာများကို အတိုင်းအဆမသိ အသုံးများကြသည့် အပြင် စွန့်ပစ်ပစ္စည်းများကြောင့် မြေဆီလွှာအရည်အသွေး ပျက်ဆီးခြင်း၊ ရေနှင့် ပတ်ဝန်းကျင် သန့်ရှင်းရေးကို ထိခိုက်စေခြင်း၊ လူနှင့် ကျွဲ၊ နွားများ၏ အသက် အန္တရာယ်ကိုပါ ထိခိုက်စေနိုင် ပါသည်။

(င) ဘဏ်နှင့်ငွေကြေးဆိုင်ရာ ဝန်ဆောင်မှု

ကျေးရွာရှိ ချေးငွေရရှိနိုင်သော အသင်းအဖွဲ့များတွင် အတိုးနှုန်းများခြင်း၊ အဖွဲ့ဝင်များသာ ချေးခွင့်ရှိခြင်း၊ လိုအပ်သောအချိန်တွင် ချေးယူခြင်းမရရှိခြင်းနှင့် မြန်မာ့လယ်ယာဖွံ့ဖြိုးရေး ဘဏ်တွင် ချေးငွေကာလတိုးတောင်းခြင်းစသည့် အခြေအနေများရှိသည်။ မြေယာမဲ့များနှင့်

လက်လုပ်လက်စားများအတွက် ၎င်းတို့ကျွမ်းကျင်သည့် စိုက်မွေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ လိုအပ်နေသည်။

(စ) ပညာရေး၊ ကျန်းမာရေး၊ ရေနှင့်ပတ်ဝန်းကျင်သန့်ရှင်းရေး

ရွာကျောင်းတွင် ပရိဘောဂ လုံလောက်စွာမရှိသေးပါ။ ကျောင်းအားကစားကွင်း၊ မြေဖို့ရန် လိုအပ်နေပါသည်။ အလယ်တန်းနှင့်အထက်တန်းပညာရေးအတွက် ရွှေလက်ပံ မူလွန်ကျောင်းနှင့် နန့်မွန်းအထက်တန်းကျောင်းသို့ တက်ရောက်ကြပါသည်။ လယ်ပုံလေး ကျေးရွာနှင့် ရွှေလက်ပံသည် ၂ မိုင် ဝေးပြီး နန့်မွန်း နှင့် ၄ မိုင်ဝေးပါသည်။ ကျောင်းသား မိဘများ အများစုသည် ပညာရေးကို အားပေးကြသည်။ သို့သော် အဆောင်စရိတ်၊ ကျူရှင်စရိတ်၊ စားစရိတ် မတတ်နိုင်သော ချို့တဲ့သော မိသားစုများ၏ ကလေးများသည် ကျောင်းဆက်တက်ရန် အခက်အခဲရှိပါသည်။

ကျန်းမာရေးအတွက် အရေးပေါ် ပို့ဆောင်ရေးအစီအစဉ် (လူနာတင်ယာဉ်) ကို လယ်ပုံလေး ကျေးရွာနှင့် (၄)မိုင်ဝေးသော နန့်မွန်းကျေးရွာတွင် ရှိသော်လည်း အလွယ်တကူခေါ်ယူရန် အခက် အခဲ ရှိပါသည်။ ထို့ကြောင့် ရွှေလက်ပံကျေးလက် ကျန်းမာရေးဌာနခွဲကို အဆင့်မြှင့်တင်ခြင်းများ ဆောင်ရွက်စေလိုပါသည်။

အိမ်တိုင်းယင်လုံအိမ်သာ ဆောက်လုပ်အသုံးပြုလာသော်လည်း ပတ်ဝန်းကျင် သန့်ရှင်းရေး၊ အမှိုက်စွန့်ပစ်မှုစနစ်များ၊ ကျန်းမာအောင် နေထိုင်ပြုမူခြင်းများမှာ လိုအပ်နေကြောင်းကို တွေ့ရှိ ရသည်။

(ဆ) လူငယ်နှင့် ယဉ်ကျေးမှု

ရိုးရာယဉ်ကျေးမှုများ ဖော်ထုတ်လိုကြသော်လည်း ဦးဆောင်လုပ်ကိုင်ပေးမည့်သူ မရှိပေ။ ကျေးရွာအတွင်း အလုပ်အကိုင်ရှားပါးခြင်း၊ ဘွဲ့ရလူငယ်များသည်ပင် အလုပ်ရရှိနိုင်ရန် အခွင့် အလမ်းမရှိခြင်းများကြောင့် အလုပ်လက်မဲ့များဖြစ်နေကြရပါသည်။

(ဇ) အခြေခံ အဆောက်အဦ- လက်လှမ်းမီ ရယူမှု၊ လျှပ်စစ်စွမ်းအား၊သတင်းနှင့်ဆက်သွယ်ရေး

လယ်ပုံလေးကျေးရွာရှိ ရွာတွင်း ရွာပြင် လမ်းများကို ကိုယ့်အားကိုယ်ကိုးဖြင့် နှစ်စဉ်ပြုပြင် ကြရပါသည်။ သို့သော် မိုးတွင်းတွင် သွားလာရေးအလွန်ခက်ခဲပါသည်။ ထို့ကြောင့်ရေရှည် တည်တံ့ရေးအတွက် ကွန်ကရစ်လမ်းပြုလုပ်ရန် လိုအပ်ပါသည်။

ကျေးရွာသည် အင်းတော်ကြီးအင်းကမ်းဘေးတွင်ရှိပြီး ငါးဖမ်းလှေငယ်များသောရွာဖြစ်သည်။ တစ်ရွာနှင့်တစ်ရွာကို ကုန်လမ်းများဖြစ်သာ ဆက်သွယ်သွားလာကြသည်။

လယ်ပုံလေးကျေးရွာသည် မဟာဓါတ်အားလိုင်းမှ လျှပ်စစ်မီးရရှိရန် မီးလင်းရေး ကော်မတီ များမှ တာဝန်ယူ၍ ဆောင်ရွက်လျှက်ရှိပါသည်။ ယခုအချိန်တွင် လျှပ်စစ်မီးတိုင်များကို ကိုယ်ထူ

ကိုယ်ထဖြင့် စိုက်ထူထားပြီးဖြစ်ပါသည်။ လိုအပ်သော မီးကြိုး၊ မီတာ Box ၊ စသည်များတပ်ဆင်ရန် အတွက် တစ်အိမ်ထောင်လျှင် (တစ်သိန်းသုံးသောင်းကျပ်)ပေးဆောင်ရမည်ဖြစ်သည်။

(ဈ) တည်ငြိမ်အေးချမ်းမှုနှင့် ပြည်သူလုံခြုံရေး

ကျေးရွာအတွင်း အေးချမ်းတည်ငြိမ်မှုရှိသော်လည်း မူးယစ်ဆေးသုံးစွဲသူများရှိသည်။ ရွာနှင့် (၈)မိုင်ဝေးသော လုံးတုံရွာတွင် ရဲစခန်းရှိပြီး အကူအညီများရယူနိုင်သည်။

၅။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ၊ အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

(က) ဖွံ့ဖြိုးတိုးတက်မှုကို အထောက်အပံ့ဖြစ်စေသော အခြေအနေများ

ကျေးရွာအတွင်းတွင် လက်ရှိလုပ်ဆောင်နေသောလူမှုရေး၊ ဘာသာရေးအဖွဲ့တို့ရှိသည်။ ရွာသူ ရွာသားအချို့ပါဝင်သော ကိုယ့်အားကိုယ်ကိုး ငွေစုငွေချေး လှည့်ပတ် ရန်ပုံငွေအဖွဲ့ရှိသည်။

အင်းဘေးတွင် မြေဩကောင်းသော ပလပ်မြေများရှိ၍ စိုက်ပျိုးမြေအဖြစ် တိုးချဲ့လုပ်ကိုင်နိုင်ခြင်းနှင့် တစ်နှစ်ပတ်လုံးရေရရှိသဖြင့် ကန်တူးဖော်၍ ငါးမွေးမြူနိုင်သည်။

စိုက်ပျိုးရေးကို ပင်မဆည်မှ ရေသွယ်မြောင်း ပြုလုပ်၍သွယ်ယူနိုင်သည်။ ကြွက်နှိမ်းနှင်းရေးနှင့် ပိုးမွှားရောဂါကာကွယ်ရေးတို့ လုပ်ဆောင်နိုင်ရန် မြို့နယ်လယ်ယာစိုက်ပျိုးရေးဌာနနှင့်ချိတ်ဆက်နိုင်သည်။

အင်းတော်ကြီးဒေသနယ်မြေ သဘာဝများရှိနေခြင်းကြောင့် သဘာဝငှက်များကို လာရောက်ကြည့်ရှုကြသော နိုင်ငံခြားသားအတွက် ခရီးသွား ဝန်ဆောင်မှုများနှင့် ဟိုတယ်နှင့် ခရီးသွားလာရေးလုပ်ငန်းများ လုပ်ဆောင်နိုင်သည့် အခွင့်အလမ်းများရှိသည်။

(ခ) အဟန့်အတားများနှင့် ကျော်လွှားရမည့် စိန်ခေါ်မှုများ

ကျေးရွာလူထုသည် မြို့နယ်အဖွဲ့အစည်းများနှင့်ဆက်သွယ်ရန် တုံ့နှေးနေခြင်း၊ ဦးဆောင်ဦးရွက်ပြုသူများ အချင်းချင်း တိုင်ပင်ဆွေးနွေးမှု အားနည်းခြင်း၊ လူငယ်အင်းအားများ ပါဝင်လာအောင် စည်းရုံးဆော်သြမှု အားနည်းခြင်းများရှိသည်။

ကွဲ၊ နွား များထိန်းကျောင်းစနစ်မရှိခြင်းတို့ကြောင့် ယာသီးနှံများပျက်ဆီးဆုံးရှုံး၍ စိုက်ပျိုးရန် အခက်အခဲများရှိသည်။ အင်းဘေးရှိ မြေလွတ်များကို ကျေးရွာပိုင်ပြုလုပ်ရန် အခက်အခဲရှိနေသေးခြင်း၊ စိုက်ပျိုး၊ မွေးမြူရေးချေးငွေများ အလုံအလောက်မရရှိခြင်း အဖွဲ့ဝင်များသာ ငွေချေးယူရရှိနိုင်ခြင်း၊ ချေးငွေကာလတိုးတောင်းခြင်းစသည့် အဟန့်အတားများရှိသည်။

ဟိုတယ်နှင့်ခရီးသွားလာရေးဆိုင်ရာ သင်တန်းနှင့် ရင်းနှီး မြှုပ်နှံမှုများအတွက် အကူအညီများ မရရှိကြပေ။

၆။ ကျေးရွာ ဖွံ့ဖြိုးရေးပန်းတိုင်နှင့် ဗျူဟာ

(က) ရည်မှန်းချက် ပန်းတိုင်

ကျွန်ုပ်တို့သည် ကျေးလက်ဖွံ့ဖြိုးရေးအစီအစဉ်ရေဆွဲသည့်အဖွဲ့နှင့် ဆွေးနွေးမှုများ ပြုလုပ်၍ နောင်ငါးနှစ်အတွင်း လုပ်ကိုင်ဆောင်ရွက်သွားမည့် ရည်မှန်းချက်ပန်းတိုင်များနှင့် နည်းဗျူဟာများကို အောက်ပါအတိုင်း ချမှတ်ခဲ့သည် -

(၁) စိတ်ချလုံခြုံရသော လူမှုပတ်ဝန်းကျင်နှင့် ပညာရေးအရည်အသွေးမြင့်မားသော လူသားအရင်းအမြစ်တိုးပွားလာနိုင်ရေးနှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊လမ်း၊မီးစသည့် အခြေခံအဆောက်အဦများ လက်လှမ်းမီရရှိလာရေး

(၂) စိုက်ပျိုးမွေးမြူရေးနှင့် ဝင်ငွေတိုးလုပ်ငန်းများ တိုးချဲ့လုပ်ကိုင်နိုင်လာစေရန် နည်းပညာ၊ ငွေကြေးဝန်ဆောင်မှုများရရှိနိုင်လာရေး

(၃) လူထုအခြေပြုအဖွဲ့အစည်းများနှင့် ကျေးရွာဖွံ့ဖြိုးရေးကော်မတီများ၏ အဖွဲ့အစည်းဆိုင်ရာ စီမံခန့်ခွဲမှုများတိုးတက်လာစေရေးနှင့် စွမ်းဆောင်ရည်ထက်မြက်လာရေး

(ခ) နည်းဗျူဟာ

ကျွန်ုပ်တို့ချမှတ်ထားသော ရည်မှန်းချက်များရရှိရန် လုပ်ဆောင်ရမည့် အောက်ပါနည်းဗျူဟာများမှာ

(၁) ကျေးရွာအတွင်း အရည်အသွေးမြင့်သော ပညာတတ်များတိုးပွားလာစေရေးနှင့် လူငယ်များအတွက် လုံခြုံစိတ်ချရသော အထူးသဖြင့် မူးယစ်ကင်းစင်သော ပတ်ဝန်းကျင်ကောင်း တစ်ခု ဖန်တီးလုပ်ဆောင်နိုင်ရန်နှင့် ကျန်းမာရေးဝန်ဆောင်မှုများ၊ လမ်း၊ မီးစသည့်အခြေခံ အဆောက်အဦများ လက်လှမ်းမီရရှိလာစေရန်

- မူးယစ်ဆေးဝါးအန္တရာယ်တားဆီးကာကွယ်ရေးလုပ်ငန်းများကို ဆောင်ရွက်ရန် ကျေးရွာမူးယစ်ကင်းစင်ဆောင်ရွက်မည့် ကော်မတီများ၏ အရည်အသွေးကိုမြှင့်တင်ခြင်း၊ ကျေးရွာအုပ်စုအုပ်ချုပ်ရေးမှူး၊ မြို့နယ်အုပ်ချုပ်ရေးမှူးနှင့် မြို့နယ်ရဲစခန်းမှ နည်းပညာ အကူအညီများ ရယူ၍ မူးယစ်ဆေးဝါးတားဆီးရေးလုပ်ငန်းစဉ်များကို ဆောင်ရွက်သွားရန်၊

- လူငယ်လူရွယ်များ ကြံ့ခိုင်ဖွံ့ဖြိုးလာစေရေးအတွက် ကျေးရွာအုပ်စု အုပ်ချုပ်ရေးမှူးနှင့် ကျေးရွာအုပ်စုအောက်ရှိရွာမှ လူငယ်များစုပေါင်း၍ ဂီတ၊ အားကစားနှင့် အခြားသော လူငယ်ဖွံ့ ဖြိုးရေးအစီအစဉ်များအကောင်အထည်ဖော်လုပ်ဆောင်သွားခြင်း
- ရာသီမရွေး လမ်းပန်းဆက်သွယ်ရေး ကောင်းမွန်လာစေရန် ကျေးရွာချင်းဆက်လမ်းနှင့် ရွာတွင်းလမ်းပြုပြင်ခြင်းနှင့် အိမ်တိုင်းလျှပ်စစ်မီးလင်းအောင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီ နှင့် မီးလင်းရေးကော်မတီတို့ ပူးပေါင်းဆောင်ရွက်သွားကြခြင်း

(၂) ကြက်၊ ဝက်၊ နွားမွေးမြူခြင်းကို စီးပွားဖြစ်မွေးမြူရန်နှင့် သီးနှံတိုးချဲ့စိုက်ပျိုးထုတ်လုပ်ခြင်း

- စိုက်ပျိုးရေးနှင့် မွေးမြူရေးလုပ်ငန်းများ - ထွက်ကုန်များကို ကျေးရွာအရောက် ကျယ်ကျယ်ပြန့်ပြန့် ချိတ်ဆက်လုပ်ဆောင်နိုင်ရန် စျေးကွက်ဗဟိုချက်အဖြစ် နန့်မွန်းတွင် ကုန်စည်ဒိုင်များ ဖွင့်လှစ်၍ စျေးကွက်လက်လှမ်းမီရန် ဆောင်ရွက်ခြင်း
- မွေးမြူရေးလုပ်ငန်းဖြစ် ဝင်ငွေတိုးအောင်ဆောင်ရွက်ခြင်းနှင့် သီးနှံစိုက်ပျိုးရန် ရေလွှဲဆည်များကို ပြုပြင်မွမ်းမံတည်ဆောက်ခြင်း လက်တွန်းထွန်စက်နှင့် ရိတ်သိမ်းစက် စသည့် လုပ်ငန်းသုံး ကိရိယာများဝယ်ယူရန် ကာလရှည် ချေးငွေဝန်ဆောင်မှုများ၊ ရင်းနှီးမြှုပ်နှံမှုများ လက်လှမ်းမီ အောင်ပြုလုပ်ခြင်း
- နည်းပညာ၊ မျိုးကောင်းမျိုးသန့်နှင့် စနစ်တကျရောဂါကာကွယ်ရေးအစီအစဉ်များ ချိတ်ဆက် လုပ်ဆောင်ပေးခြင်းဖြင့် သီးနှံနှင့်သားငါးပိုမိုထွက်ရှိလာမည်။
- ဆင်းရဲသော အိမ်ထောင်စုများအတွက် မြေယာအသစ်ဖော်ထုတ်၍ တန်ဖိုးမြင့် သီးနှံများ စိုက်ပျိုးခြင်း၊ ငါးမွေးမြူခြင်း၊များပြုလုပ်နိုင်သည်။

(၃) ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်းနှင့် ကျေးရွာအဖွဲ့အစည်းများကို အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြှင့်တင်ပေးခြင်း

- ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကို အစီအစဉ်ရေးဆွဲခြင်းနှင့် လုပ်ငန်းအကောင်အထည်ဖော် ခြင်းများ ဆောင်ရွက်ရန် ကျေးရွာဖွံ့ဖြိုးရေးကော်မတီဖွဲ့စည်းခြင်း
- ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အလုပ်အမှုဆောင်ကော်မတီများ၏ အဆောက်အဦ စီမံခန့်ခွဲမှု ဆိုင်ရာ နည်းပညာနှင့် စွမ်းဆောင်ရည်မြှင့်တင်ခြင်းများ ပြုလုပ်ရန်လိုအပ်ခြင်း

၇။ ကျေးရွာဖွံ့ဖြိုးတိုးတက်မှုကိစ္စရပ်များနှင့် ဗဟိုအဆင့်မူဝါဒများအကြား အစီအစဉ်ကျသော ချိတ်ဆက်မှုများ

အစိုးရ၏ မူဝါဒနှင့် လုပ်ငန်းအစီအစဉ်တို့ကို ရင်းနှီးကျွမ်းဝင်ပြီးသော အစိုးရဌာနဆိုင်ရာများနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဦးစီးဌာနမှ နည်းပညာအကြံပေးအဖွဲ့တို့၏ အကြံပြုချက်အရ ပြုစုဖော်ပြထားပါသည်။ ဤသို့ဖော်ပြခြင်းဖြင့် နိုင်ငံတော်အဆင့်မှသည် ဒေသဆိုင်ရာအဆင့်၊ ထိုမှ

တဆင့် ကျွန်ုပ်တို့ကျေးရွာအဆင့်အထိ ပံ့ပိုးမှုပေးနိုင်မည့် အစိုးရဌာနများနှင့် အဖွဲ့အစည်းများကို ရှာဖွေဖော်ထုတ်ပေးနိုင်မည် ဖြစ်ပါသည်။

ဤကျေးရွာအတွက်အရေးကြီးသောမူဝါဒဆိုင်ရာနှင့် အစီအစဉ်ကျသည့် ပံ့ပိုးမှုပေးရန် လိုအပ်ချက်မှာ တရားဝင်မြေယာပိုင်ဆိုင်ခွင့်ရရှိရေး ဖြစ်ပါသည်။ နိုင်ငံတော်မှမြေယာတရားဝင် ပိုင်ဆိုင်ခွင့်ကိုပေးနေသော်လည်း မသိနားမလည်ခြင်း၊ ဌာနဆိုင်ရာများထံ ဝင်ထွက်ဆက်ဆံခြင်းတို့ မလုပ်ရဲသဖြင့် စိုက်ခင်းရှိသော်လည်း ဥပဒေအရမပိုင်ဆိုင်ကြခြင်းတို့ ဖြစ်နေကြသည်။ ထိုဖြစ်စဉ်ကို ကျေးရွာအုပ်စု နှင့်မြို့နယ်အဆင့်တို့တွင် ထိရောက်သည့်ပံ့ပိုးမှုပေးနိုင်မှသာ မြေယာအမှုအခင်းများ တားဆီးကာကွယ်နိုင်မည်ဖြစ်သည့်အတွက် ယခုစာတမ်းတွင်တင်ပြခြင်းဖြစ်ပါသည်။

ဤကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်လုပ်ငန်းအား နည်းပညာအထောက်အပံ့များ ပံ့ပိုးပေးမှုသည် အလွန်အရေးပါပါသည်။ အနာဂါတ်တွင်လည်းရေရှည်တည်တံ့မည့် အထောက်အပံ့များကို နိုင်ငံတော်အစိုးရထံမှ ရရှိမည်ဟုမျှော်လင့်ပါသည်။ ကျွန်တော်တို့ကျေးရွာသူ ရွာသားများကိုယ်တိုင် အားထုတ်လုပ်ကိုင်ရရှိခဲ့မှုများကို ပြန်လည်စိစစ်ခြင်းနှင့် ရွေးချယ်ထားသော ရည်မှန်းချက်များ ပြည့်မီအောင် ဆောင်ရွက်ရန် အချိန်မှန် ပြန်လည်သုံးသပ်မည့် အစီအစဉ်များ ပြုပြင်ရေးဆွဲခြင်း စသည်တို့ ဆောင်ရွက်နိုင်ရန် အကူအညီများ ဆက်လက်ရရှိမည်ဟု မျှော်လင့်ပါသည်။

လယ်ပုံလေးကျေးရွာရှိ ငွေကြေးဆိုင်ရာဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ၏ ထုတ်ချေးပေးသော ချေးငွေပမာဏသည် အလွန်နည်းပါးသဖြင့် လယ်သမား၊ ယာသမား၊ မွေးမြူရေးလုပ်ကိုင်သူများအတွက် မလုံလောက်သော ချေးငွေပမာဏ ဖြစ်သည့်အပြင် သတ်မှတ်ထားသော အချိန်ကာလများရှိခြင်းကြောင့် မွေးမြူရေး စိုက်ပျိုးရေးလုပ်ရန် အကန့်အသတ်များ ရှိနေသည်။ လယ်သမားများမှာလည်း မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်း မရှိကြသေးသည့်အတွက် ချေးငွေအလုံအလောက်ရရှိရန် အတိုးကြီးပေး၍ ချေးယူကာ လယ်၊ ယာ လုပ်ငန်းများကို လုပ်ကိုင်နေကြရသည်။ ဆင်းရဲသော တောင်သူများ၊ လက်လုပ် လက်စားများမှာ ငွေကြေးချေးယူရရှိရန် ခက်ခဲသည်။ သီးနှံနှင့် သားငါးကဏ္ဍတိုးတက်ထုတ်လုပ်နိုင်ရန်၊ မွေးမြူရေး ကာလရှည်ချေးငွေနှင့် လယ်၊ယာလုပ်ငန်းချေးငွေ ဝန်ဆောင်မှုများကို ဒေသနှင့် ကိုက်ညီစွာ ဝန်ဆောင်မှုရရှိရန် လိုအပ်နေပါသည်။

အသက်မွေးဝမ်းကြောင်းဆိုင်ရာ နည်းပညာနှင့် ဈေးကွက် အထောက်အပံ့များ ဖြည့်ဆည်းပေးခြင်း

ကျွန်ုပ်တို့ ကျေးရွာတွင် သီးနှံထွက်ကုန်များ၊ မွေးမြူရေးထုတ်ကုန်များ တိုးတက် ထုတ်လုပ်ရန် မြေဆီညြေဓာ အားကောင်းသော လယ်၊ယာမြေများ ပေါများခြင်း၊ အိမ်ခြံဝင်းကျယ်များ ရှိခြင်းတို့ကြောင့် ဒေသထွက်ကုန်ကြမ်းများကို အခြေခံသော တန်ဖိုးမြှင့်ထုတ်ကုန်များထုတ်လုပ်ရောင်းချနိုင်ရန် နည်းပညာသင်တန်းများ ရရှိဆောင်ရွက်ခြင်းသည်လည်း ကျေးရွာရှိ လူသား အရင်းအမြစ်သုံးစွဲမှုကို ထိရောက်စွာအသုံးချနိုင်ရုံမက ဒေသတွင်း အလုပ်အကိုင် အခွင့်အလမ်းများ များပြားလာသည်နှင့်အမျှ တစ်ဖက်နိုင်ငံများတွင် ရွှေ့ပြောင်းလုပ်ကိုင်နေသူများအား မိမိနေရပ်သို့ ပြန်လာ၍

လုပ်ကိုင်နိုင်မည့် အခွင့်အလမ်းများ တိုးတက်လာစေပြီး မိသားစု ပေါင်းစည်းနေထိုင် လုပ်ကိုင်နိုင်ခြင်းနှင့် စားနပ်ရိက္ခာ ဖူလုံမှု တိုးတက်လာစေပြီး ဒေသဖွံ့ဖြိုးရေးနှင့် ဆင်းရဲမှုလျော့နည်းစေရေးကို တစ်ထောင့်တစ်နေရာမှ အထောက်အကူပြုနိုင်ပေမည်။ ဖွံ့ဖြိုးတိုးတက်လာဖွယ်ရှိသော ဂန်ဆောင်မှုလုပ်ငန်းများ စသည်တို့အတွက် လိုအပ်သော ကျွမ်းကျင်မှုအသစ်များအလိုက် စွမ်းဆောင်ရည် မြှင့်တင်ခြင်းများ ချိတ်ဆက်ဆောင်ရွက်ရန် လိုအပ်ပါသည်။ သက်ဆိုင်ရာ ဦးစီးဌာနများ၊ အဖွဲ့အစည်းများ အနေဖြင့် အသက်မွေးဝမ်းကြောင်းလုပ်ငန်းများကို ချေးငွေအစီအစဉ်များဖြင့် ချိတ်ဆက်လုပ်ဆောင်ပေးနိုင်ပါက မြန်ဆန် တိုးတက်လာစေပါမည်။

၈။ စီမံကိန်း၊ စီမံချက်များနှင့် အကောင်အထည်ဖော်ဆောင်ရွက်မှု အချိန်ကာလ

စီမံချက်များသည် ဖွံ့ဖြိုးရေးလုပ်ငန်းများကို လက်တွေ့ အကောင်အထည်ဖော်စေနိုင်မည့် နည်းဗျူဟာများအဖြစ်သို့ ရောက်ရှိအောင် အောက်ခြေအထိ လုပ်ကိုင်ဆောင်ရွက်ရမည် ဖြစ်ပါသည်။ စီမံကိန်း ငါးနှစ်တာကာလကျော်လွန်ချိန်တွင် ဖော်ပြပါပန်းတိုင်များကို ပြီးမြောက်အောင် ဆောင်ရွက်နိုင်ရန် စီမံချက်များသည် ဖွံ့ဖြိုးရေးလိုအပ်ချက်များအဖြစ် မရှိမဖြစ် လိုအပ်ပါမည်။

(က) နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေး အစီအစဉ်နှင့် ဘဏ္ဍာငွေလျာထားရေးအစီအစဉ်

ကျေးရွာလူထုသည် ငါးနှစ်တာအတွက် ကျေးရွာဖွံ့ဖြိုးရေးစီမံချက်ရေးဆွဲချိန်တွင် စိစစ်ရွေးချယ်ထားသည့် ဦးစားပေးစီမံချက်များမှာ ပြည့်စုံလုံလောက်နိုင်မည် မဟုတ်သေးပေ။ သို့ဖြစ်၍ ကျေးရွာလူထုသည် စီမံချက်များကို အကောင်အထည်ဖော်မှု (၂-၃) နှစ် ကျော်လာချိန်တွင် စီမံကိန်း ငါးနှစ်တာကာလအတွင်း ဦးစားပေးလုပ်ငန်းများ ထပ်မံဖော်ထုတ်ပြီး လုပ်ဆောင်ရန် လိုအပ်လာပါမည်။ ထို့ကြောင့် ဆိုးရွားသော သဘာဝဘေးအန္တရာယ် သက်ရောက်မှုများမရှိခဲ့လျှင် ငါးနှစ်တာဖွံ့ဖြိုးရေးနည်းဗျူဟာသည် အနည်းနှင့်အများ ပြောင်းလဲမှုရှိမည် မဟုတ်သော်လည်း စီမံကိန်း ငါးနှစ်တာအတွင်း ထပ်တိုးစီမံချက်များအား ထည့်ဝင်လာနိုင်ပါသည်။

ထို့ကြောင့် ဤကျေးရွာဖွံ့ဖြိုးရေးစီမံချက်သည် နှစ်အလိုက် ဘဏ္ဍာရေးနှင့် ငွေကြေး စီမံမှုဆိုင်ရာ ရွေးချယ်ခြင်း၊ အစီအစဉ်နှင့် စီမံချက်များအား ပြုပြင်မွမ်းမံနိုင်ခြင်းတို့ကို ပြုပြင်ရ လွယ်ကူစေသည်။ ဒေသတွင်းဖြစ်ပေါ်လာသော ဖွံ့ဖြိုးရေးလိုအပ်ချက်၊ သဘာဝဘေးအန္တရာယ်၊ အခြားအရေးပေါ်ကိစ္စများနှင့် အစိုးရဘတ်ဂျက်များအပေါ်မူတည်၍ ဦးစားပေးအစီအစဉ်များကို ပြောင်းလဲရန်ဖြစ်ပါသည်။ သို့ဖြစ်၍ ကျွန်ုပ်တို့ငါးနှစ်တာအတွက် ရေးဆွဲထားသော ဖွံ့ဖြိုးရေးရည်မှန်းချက်မူဘောင်တွင် နှစ်အလိုက်အကောင်အထည်ဖော်ဆောင်ရွက်မည့် နှစ်ပတ်လည် ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်ကို ပြင်ဆင်ရမည်ဖြစ်ပါသည်။

(ခ) ကဏ္ဍ နှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း

အစီအစဉ်နှင့် စီမံချက်များအားကဏ္ဍနှင့် ရင်းနှီးမြုပ်နှံမှုကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်းသည် စီမံကိန်းဆိုင်ရာအချက်အလက်များ ခွဲခြမ်းသုံးသပ်ရာတွင် များစွာ အထောက်အကူပြုပါမည်။ Functional classification သည် ဝန်ကြီးဌာန၊ ဦးစီးဌာနများအတွက် ၎င်းတို့နှင့်သက်ဆိုင်သော စီမံကိန်းများကို သိရှိနားလည်ရန် အထောက်အကူပြုပါမည်။ Economic classification သည် စီမံကိန်းလုပ်ငန်းများ၏ အကျိုးရလဒ် ဖြစ်ထွန်းမှုများအား အကဲဖြတ်သုံးသပ်ခြင်း လုပ်ငန်းများ ဆောင်ရွက်ရေးအတွက် လိုအပ်ပါသည်။

ကဏ္ဍကိုအခြေခံ၍ စီမံကိန်းအုပ်စုသတ်မှတ်ခြင်း (Functional Classification)

ဆောင်ရွက်မည့်စီမံကိန်းမှာ စီမံကိန်းဘတ်ဂျက်သည် (က)မည်သည့်ကဏ္ဍအောက်တွင် (ဥပမာ - စိုက်ပျိုးရေး၊လျှပ်စစ်ကဏ္ဍစသည်)၊(ခ)မည်သည့်ဝန်ကြီးဌာနနှင့်သက်ဆိုင်သည် စသည်ဖြင့် ခွဲခြားသတ်မှတ်နည်းဖြစ်ပါသည်။

ရင်းနှီးမြှုပ်နှံမှုအမျိုးအစားကို အခြေခံ၍ အုပ်စုသတ်မှတ်ခြင်း (Economic Classification)

စီမံကိန်းဘတ်ဂျက်အမျိုးအစားသည် မည်သည့်ရင်းနှီးမြုပ်နှံမှု အမျိုးအစား ဖြစ်သည်ကို ဖော်ပြခြင်း ဖြစ်ပါသည်။

(၁) ငွေကြေးရင်းနှီးမြှုပ်နှံမှုများ(Capital Investment) ဥပမာ–ဆောက်လုပ်ရေးပစ္စည်းများနှင့် ပုံသေဝယ်ယူ၍ရသောရင်းနှီးမြှုပ်နှံမှုများ၊

(၂) စွမ်းရည်မြှင့်တင်ရေး (Capacity Building)ဥပမာ-ဆွေးနွေးပွဲ၊ သင်တန်းစသည့်အသုံးစရိတ်၊

(၃) အထွေထွေ ရင်းနှီးမြုပ်နှံမှု (ငွေကြေး ရင်းနှီးမြှုပ်နှံမှုများနှင့် စွမ်းရည်မြှင့်တင်ရေးလုပ်ငန်းများ ပေါင်းစပ်လျက်)၊

(၄) အရေးပေါ် အထောက်အပံ့

(ဂ) ဦးစားပေးစီမံချက်များ

ကျေးရွာဖွံ့ဖြိုးရေး တစ်ရွာလုံးအစည်းအဝေးတွင် ကျေးရွာဖွံ့ဖြိုးရေးအတွက် ဆောင်ရွက်သင့်သည့် လုပ်ငန်းခေါင်းစဉ်များထွက်ရှိလာပါသည်။ ယင်းလုပ်ငန်းများအနက် တက်ရောက်သူ ကျေးရွာသား အုပ်စု (၄) စုထဲမှ (၁၀)ဦးက ဦးစားပေးရမည့် စီမံချက်များကိုအမှတ်ပေးကြပါသည်။ အချို့သောစီမံချက်များကို ဆောင်ရွက်ရာတွင် နည်းပညာဆိုင်ရာ အသေးစိတ်အထောက်အပံ့များကို မြို့နယ်အဆင့်အစိုးရဌာနများနှင့် အခြားအဖွဲ့အစည်းများထံမှ ပြည့်ပြည့်ဝဝ ရရှိရန် လိုအပ်ပါသည်။

ဦးစားပေးစိမ်ချက်များ

လုပ်ငန်းကဏ္ဍများ	စိမ်ကိန်းများ	ရမှတ်	ဦးစားပေး အဆင့်	စိမ်ကိန်း	မှတ်ချက်
လမ်းပန်းဆက်သွယ်ရေးလက်လှမ်းမီမှု	၁။လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၉၇	၁	• ကျေးရွာလမ်းများ တိုးတက်ကောင်းမွန်ရေး • ကျေးရွာချင်းဆက်လမ်း(၂)မိုင်ကိုကျောက်ချောလမ်းခင်းရန် • ရွာတွင်းလမ်း (၂)မိုင်ကို ကွန်ကရစ်လမ်းခင်းရန် • (၁၅ ပေအရှည်)ရှိသော သံကူကွန်ကရစ် တံတားတစ်စင်း ပြုလုပ်ရန်	**ကျေး/လက်ဦးစီး**
လျှပ်စစ်မီးလင်းရေး	၁။ကျေးရွာမီးလင်းအောင် ဆောင်ရွက်ခြင်း	၉၃	၂	နိုင်ငံတော်၏ကျေးလက်မီးလင်းရေးအစီအစဉ်နှင့် ကျေးရွာထည့်ဝင်မှုတို့ ပူးပေါင်းပါဝင်မှုတို့ဖြင့် ဆောင်ရွက်ခြင်း • ကျေးရွာမီးလင်းရေး ➢ အိမ်တိုင်းမီးလင်းအောင်ဆောင်ရွက်ရန် ➢ လျှပ်စစ်မီးသွယ်တန်းခြင်းဆိုင်ရာသင်တန်းသားတစ်ဦးကို သင်တန်းပေးခြင်း	**ကျေး/လက်ဦးစီး**
ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှု	၁။ ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေး	၈၉	၃	ကျေးရွာဖွံ့ဖြိုးရေးကော်မတီနှင့် အခြားကော်မတီများ၏ လုပ်ငန်းစွမ်းဆောင်ရည်ကိုမြှင့်တင်ခြင်းဖြင့် ဘဏ်များ ကျေးရွာဖွံ့ဖြိုးရေးကော်မတီမှတဆင့်လုပ်ဆောင်သွားနိုင်ခြင်း	
စိုက်ပျိုးရေး	၁။စိုက်ပျိုးမြေတိုးချဲ့ခြင်း ၂။ဆည်မြောင်းရေရရှိနိုင်ရန် ၃။ကျွဲ၊ နွားစားကျက်မြေရရှိ ရေး အတွက်ပူးပေါင်း ဆောင် ရွက်ခြင်း	၈၇	၄	• လယ်ယာသစ်တောစိုက်ပျိုးနိုင်ရန် မြေတိုးချဲ့ခြင်း • အဝီစိစက်ရေတွင်း၊ ရေစုပ်စက်နှင့် ရေလွှဲမြောင်းများ ပြုလုပ်ခြင်း • ဒေသအတွင်းရှိ ကျွဲ၊နွားများကို ထိန်းကျောင်းမည့် စားကျက်မြေ နေရာအစီအစဉ်များပြုလုပ်ခြင်း	

လုပ်ငန်းကဏ္ဍများ	စီမံကိန်းများ	ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်း	မှတ်ချက်
	၄။နည်းပညာဖြင့်စိုက်ပျိုး နည်းစနစ်များ			• မြေပြုပြင်ခြင်း၊ ပိုးမွှားရောဂါများထိန်းချုပ်ကာကွယ်ခြင်း၊ မျိုးကောင်းမျိုးသန့်များရွေးချယ်ခြင်း • သီးနှံထုတ်လုပ်မှုတိုးတက်ရေး • ချေးငွေဝန်ဆောင်မှုများနှင့်လက်လှမ်းမီရေး • အင်းနဘေးရှိပလပ်မြေများကို စိုက်ပျိုးမြေ အဖြစ်တိုးချဲ့ရန် • စိုက်ပျိုးရေရရှိရေးအတွက် (၁)မိုင်အချည်ရှိသော ရေသွယ်မြောင်းပြုလုပ်ခြင်း • သီးနှံဖျက်ဆီးသော ကြွက်ရန်ကို နှိမ်းနင်းရန်	
ဈေးကွက်လက်လှမ်းမီမှု	၁။မွေးမြူရေးထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်လက်လှမ်းမီ အောင်ဆောင်ရွက်ခြင်း	၇၅	၅	မြို့နယ်နှင့် ကျေးရွာအုပ်စုတွင် ကုန်စည်သိုလှောင်ရုံနှင့် အဝယ်ဒိုင်များစသည့် ဝန်ဆောင်မှုများ ဖွံ့ဖြိုးအောင် ဆောင်ရွက် ခြင်း ကုန်စည်ဝယ်ယူစုဆောင်းခြင်းနှင့် ရောင်းဝယ်မှုလုပ်ငန်းအခွင့် အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း	
ပညာရေး	၁။ကလေးများ ပညာရေး တိုးတက် မြင့်မားလာစေရေး	၇၄	၆	ဆင်းရဲသောကျောင်းသား/သူများပညာတိုးတက်လာစေရန် ၊ ပညာရေးကူညီ ပံ့ပိုးခြင်းပေးခြင်းဖြင့် • ပညာရေး ➢ ကျောင်းပရိဘောဂများ ဖြည့်တင်းခြင်း ➢ ကျောင်းအားကစားကွင်းပြုပြင်ခြင်း ➢ ကျောင်းစည်းရိုးကာရံခြင်း	
ကျန်းမာရေး	၁။ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီခြင်း	၇၁	၇	ဆင်းရဲသောမိသားစုများကျန်းမာရေးပြဿနာပေါ်ပေါက် လာပါက ကူညီရန်နှင့် တကိုယ်ရေသန့်ရှင်းရေး၊ ပတ်ဝန်းကျင်သန့်ရှင်ရေး ကျန်းမာရေးပညာပေးများပြုလုပ်ခြင်း • ကျန်းမာရေး	

လုပ်ငန်းကဏ္ဍများ	စီမံကိန်းများ	ရမှတ်	ဦးစားပေးအဆင့်	စီမံကိန်း	မှတ်ချက်
				➢ အရေးပေါ်လူနာများအတွက် ပို့ဆောင်ရေးအစီအစဉ် ➢ ကျေးလက်ကျန်းမာရေးဆေးခန်းနှင့် ကျန်းမာရေးဝန်ဆောင်မှုများ ရရှိအောင် ဆောင်ရွက်ခြင်း	
လူငယ်နှင့် ယဉ်ကျေးမှု	၁။မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း	**၅၄**	**၈**	မူးယစ်ဆေးဝါးတိုက်ဖျက်ရန် ကျေးရွာအဖွဲ့အစည်းများ၏ စွမ်းဆောင်ရည်မြှင့်တင်ခြင်း • လူငယ် များဖွံ့ဖြိုးတိုးတက်ရေး ➢ အားကစားနည်းသင်တန်းများပြုလုပ်ခြင်း ➢ ဂီတသင်တန်းများပြုလုပ်ခြင်း ➢ English စကားပြောသင်တန်းများပြုလုပ်ခြင်း	
အဖွဲ့အစည်းဆိုင်ရာ စီမံအုပ်ချုပ်မှု	၁။ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန်အဖွဲ့အစည်းစနစ်များ တိုးတက်အောင် ဆောင် ရွက်ရန်	**၄၇**	**၉**	ကျေးလက်ဖွံ့ဖြိုးရေးအဖွဲ့နှင့် အလုပ်အမှုဆောင်အဖွဲ့များ၏ စီမံခန့်ခွဲမှုစွမ်းဆောင်ရည်မြှင့်တင်ခြင်း	**ကျေး/လက်ဦးစီး**
မွေးမြူရေး	၁။နွား၊ဝက်မွေးမြူရေးကိုနည်းပညာများထည့်သွင်း၍စီးပွားဖြစ်ထုတ်လုပ်နိုင်အောင် ပြုလုပ်ခြင်း	**၄၆**	**၁၀**	မွေးမြူရေးဆိုင်ရာကျွမ်းကျင်မှုနှင့်အသိပညာဗဟုသုတများတိုးပွားလာ ကြက်၊ ဝက် –မွေးမြူရေးဆိုင်ရာကျွမ်းကျင်မှုနှင့်အသိပညာ ဗဟုသုတများတိုးပွား လာစေခြင်း – နွား၊ ကြက်၊ ဝက် ကာကွယ်ဆေးထိုးခြင်းနှင့် ကျွဲ၊နွားစားကျက်မြေ ရရှိရေး • သားငါးထုတ်လုပ်မှုတိုးတက်ရေး ➢ ချေးငွေဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေး	

လုပ်ငန်းကဏ္ဍများ	စီမံကိန်းများ	ရမှတ်	ဦးစားပေး အဆင့်	စီမံကိန်း	မှတ်ချက်
				➢ ငါးမွေးမြူရေးနည်းပညာရရှိအောင် ဆောင်ရွက်ခြင်း ➢ တိရွေးကုလုပ်သား ရွေးချယ်သင်တန်းပေးခြင်း	
စိုက်ပျိုးရေးမွေးမြူရေးမဟုတ်သော လုပ်ငန်း များ	၁။အလုပ်အကိုင်အခွင့် အလမ်းများရရှိအောင် ဆောင်ရွက်ခြင်း	၄၂	၁၁	–စက်မှုလယ်ယာထွက်ကုန်များဖြစ်သည့် စပါး၊ ရာဘာ၊ ပဲအမျိုးမျိုးနှင့် တန်ဖိုးမြှင့်သီးနှံဟင်းသီးဟင်းရွက်များကို အခြေခံသော ကုန်သွယ်မှုဆိုင်ရာနှင့် အသက်မွေးဝမ်းကျောင်း ပညာရပ်များကို သင်ကြားရန်လိုအပ်ခြင်း • ဝင်ငွေတိုးလုပ်ငန်းများဆောင်ရွက်ခြင်း ➢ ချေးငွေဝန်ဆောင်မှုများနှင့် လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း ➢ အိမ်တွင်မှုလုပ်ငန်းများဖြစ်သည့်-ဈေးထိုး၊ပန်းထိုး၊ ဝိုင်အချို့ရည်လုပ်နည်း၊ မုန့်ခြောက်ပြုလုပ်နည်း၊ ယိုထိုးနည်း၊ ခြင်းယက်နည်းသင်တန်းများနှင့် အခြားဖုန်းနှင့် လျှပ်စစ်ပြုပြင်ခြင်း	

(ဃ) စီမံကိန်းအကောင်အထည်ဖော်မည့်အချိန်ကာလ

ကျေးရွာလူထုက ဖော်ထုတ်ရေးဆွဲထားသော ဦးစားပေးစီမံကိန်းများကို အကောင်အထည် ဖော်ဆောင်ရွက်ရန် စီမံကိန်းကာလကို ကွင်းဆင်း ဆောင်ရွက်ချက်များကို အခြေခံ၍ ရေးဆွဲထား ပါသည်။ ကျေးရွာဖွံ့ဖြိုး ရေးစီမံကိန်းကာလများကို နှစ်စဉ် ပြုပြင်ရေးဆွဲပါမည်။ စီမံကိန်း ကာလ အပိုင်းအခြားကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ					မှတ် ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၁	လမ်းပန်းဆက်သွယ်ရေးတိုးတက် ကောင်းမွန်အောင် ဆောင်ရွက်ခြင်း	၁	✔	✔				
၂	ကျေးရွာမီးလင်းအောင် ဆောင်ရွက်ခြင်း	၂	✔	✔				
၃	ဘဏ်နှင့် ငွေကြေးဝန်ဆောင်မှုများနှင့် လက်လှမ်းမီရေး	၃		✔	✔	✔	✔	
၄	၁။ စိုက်ပျိုးမြေတိုးချဲ့ခြင်း	၄	✔	✔	✔	✔		
	၂။ဆည်မြောင်းရေရရှိနိုင်ရန်		✔	✔	✔			
	၃။ကျွဲ၊ နွားစားကျက်မြေရရှိရေး အတွက်ပူးပေါင်း ဆောင်ရွက်ခြင်း		✔	✔				
	၄။နည်းပညာဖြင့်စိုက်ပျိုးနည်းစနစ်များ ထည့်သွင်းခြင်း		✔	✔	✔	✔	✔	
၅	မွေးမြူရေးထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း	၅	✔	✔	✔	✔	✔	
၆	ကလေးများ ပညာရေးတိုးတက်မြင့်မားလာစေရေး	၆		✔	✔			
၇	ကျန်းမာရေးဝန်ဆောင်မှုလက်လှမ်းမီခြင်း	၇	✔	✔	✔	✔	✔	
၈	မူးယစ်ဆေးဝါးတိုက်ဖျက်ရေးတွင် ပူးပေါင်းဆောင်ရွက်ခြင်း	၈						

စဉ်	စီမံကိန်း	ဦးစားပေး အဆင့်	ကာလ					မှတ်ချက်
			၂၀၁၆	၂၀၁၇	၂၀၁၈	၂၀၁၉	၂၀၂၀	
၉	ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းစနစ်များ တိုးတက်အောင်ဆောင်ရွက်ရန်	၉	✔	✔				
၁၀	နွား၊ဝက်မွေးမြူရေးကို နည်းပညာများထည့်သွင်း၍ စီးပွားဖြစ် မွေးမြူနိုင်အောင် ပြုလုပ်ခြင်း	၁၀	✔	✔	✔	✔	✔	
၁၁	အလုပ်အကိုင်အခွင့်အလမ်းများရရှိအောင်ဆောင်ရွက်ခြင်း	၁၁	✔	✔	✔	✔	✔	

၉။ ဘက်ဂျက် နှင့် ငွေကြေးဆိုင်ရာဗဟုသုတ အစီအစဉ်

ဘက်ဂျက်အစီအစဉ်ကို အောက်ပါဇယားတွင် ဖော်ပြထားပါသည်။ ဘက်ဂျက်ကို အစီအစဉ်ရေးဆွဲချိန်တွင် ကုန်ကျစရိတ်ကိုအခြေခံ၍ ခန့်မှန်းတွက်ချက်ထားပါသည်။ အမှန်တကယ်ကုန်ကျနိုင်မည့် ဘက်ဂျက်ကို သက်ဆိုင်ရာဌာနများ၊ ပြင်ပအဖွဲ့အစည်းများများမှ နည်းပညာနှင့် ငွေကြေးအကူအညီများရယူ၍ ပြန်လည်တွက်ချက်သွားရန် လိုအပ်ပါမည်။ ဖော်ပြပါ ဘက်ဂျက်အစီအစဉ်တွင် ကျေးရွာလူထုမှ ထည့်ဝင်သော လုပ်သားအင်အား၊ လုပ်ငန်းသုံးကိရိယာများ၊ ပူးပေါင်းပါဝင်သော အချိန်များကို ထည့်သွင်းတွက်ချက်ထားခြင်းမရှိပါ။

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		
				ငွေလုံး ငွေရင်း အသုံး စရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	လူသားချင်း စာနာမှု အထောက် အပံ့
၁	လမ်းပန်းဆက်သွယ်ရေး တိုးတက်ကောင်းမွန်အောင် ဆောင်ရွက်ခြင်း			✔		
၂	ကျေးရွာမီးလင်းအောင် ဆောင်ရွက်ခြင်း			✔		

စဉ်	စီမံကိန်း	ရံပုံငွေ (ကျပ်)	ရင်းနှီးမြှုပ်နှံမှုအရအုပ်စုသတ်မှတ်ခြင်း (ကျပ်)			
			သာမာန် အသုံး စရိတ်	ငွေလုံးငွေရင်း အသုံးစရိတ်		
				ငွေလုံး ငွေရင်း အသုံး စရိတ်	စွမ်း ဆောင် ရည်မြှင့် တင်ရေး	လူသားချင်း စာနာမှု အထောက် အပံ့
၃	ဘဏ်နှင့် ငွေကြေးဝန်ဆောင် မှုများနှင့် လက်လှမ်းမီရေး		✔		✔	
၄	၁။ စိုက်ပျိုးမြေတိုးချဲ့ခြင်း ၂။ ဆည်မြောင်းရေရရှိနိုင်ရန် ၃။ ကျွဲ၊ နွားစားကျက်မြေရရှိရေး အတွက်ပူးပေါင်းဆောင်ရွက်ခြင်း ၄။ နည်းပညာဖြင့်စိုက်ပျိုးနည်း စနစ်များ		✔	✔	✔	
၅	မွေးမြူရေးထွက်ကုန်နှင့် စိုက်ပျိုးရေး ထွက်ကုန်များ ဈေးကွက်လက်လှမ်းမီအောင် ဆောင်ရွက်ခြင်း		✔		✔	
၆	ပညာရေးအဆောက်အဦများ တိုးတက်မြင့်မားလာစေရေး			✔	✔	
၇	ကျန်းမာရေးဝန်ဆောင်မှု လက်လှမ်းမီခြင်း			✔	✔	
၈	မူးယစ်ဆေးဝါးတိုက်ဖျက်ရေး တွင် ပူးပေါင်းဆောင်ရွက်ခြင်း		✔		✔	
၉	ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်နိုင်ရန် အဖွဲ့အစည်းစနစ်များ တိုးတက် အောင် ဆောင်ရွက်ရန်		✔		✔	
၁၀	နွား၊ဝက်မွေးမြူရေးကို နည်း ပညာများ ထည့်သွင်း၍ စီးပွား ဖြစ် မွေးမြူနိုင်အောင်ပြုလုပ်ခြင်း		✔		✔	
၁၁	အလုပ်အကိုင်အခွင့်အလမ်း များရရှိအောင်ဆောင်ရွက်ခြင်း		✔		✔	

၁၀။ ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများအကောင်အထည်ဖော်မည့် နည်းလမ်းနှင့် အစီအစဉ်များ

(က) ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ အခန်းကဏ္ဍ

ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်တွင် ပါဝင်သောစီမံကိန်းလုပ်ငန်းများကို အထိရောက်ဆုံး အကောင်အထည်ဖော်ရန် တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာလူထု၏တာဝန် ဖြစ်ပါသည်။ ကျွန်ုပ်တို့ ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် ပေါင်းစပ်ညှိနှိုင်းရေးနှင့် စီမံခန့်ခွဲရေးတာဝန်ကိုအဓိကယူပါမည်။ အဖွဲ့အစည်းအသီးသီး၊ ကော်မတီအသီးသီးအား တာဝန်များခွဲဝေအပ်နှင်း၍ သက်ဆိုင်ရာ စီမံကိန်းများ ဆောင်ရွက်နိုင်ရန် ဦးဆောင်ပါမည်။ ဥပမာ-မိဘဆရာအသင်းသည် ကျေးရွာမူလတန်း ကျောင်း၏ ပညာရေးအရည်အသွေးကောင်းမွန်တိုးတက်ရန် တာဝန်ယူဆောင်ရွက်စေ၍ လယ်သမား အဖွဲ့က ကျေးရွာကုန်ထုတ်လမ်း အဆင့်မြှင့်ခြင်းလုပ်ငန်းကို တာဝန်ယူဆောင်ရွက်စေခြင်း ဖြစ်ပါသည်။

(ခ) ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများ

ကျွန်ုပ်တို့ ကျေးရွာကော်မတီအဖွဲ့များမှ ဖွံ့ဖြိုးရေးစီမံကိန်းများ အကောင်အထည်ဖော်ရာတွင် ဦးဆောင်စီမံခန့်ခွဲမှု တာဝန်ယူဆောင်ရွက်သော်လည်း အခြားသော ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့များ ကိုလည်း ရှာဖွေဆက်သွယ် ပူးပေါင်းရန်လိုပါမည်။ ကျွန်ုပ်တို့ ကိုယ်တိုင်မတတ်နိုင်သော အကူအညီ များ ရယူဆောင်ရွက်ရန်ဖြစ်ပါသည်။ ဥပမာ-မိဘဆရာအသင်းသည် မူလတန်းပညာရေးသင်ကြားမှု အရည်အသွေးတိုးတက်ရေးဆောင်ရွက်ရန် မြို့နယ်ပညာရေးဌာနနှင့် ချိတ်ဆက်ညှိနှိုင်းဆောင်ရွက် ရပါမည်။ လယ်သမားအဖွဲ့အစည်းကလည်း လယ်ယာကုန်ထုတ်လုပ်ငန်း အထောက်အကူပြုလမ်း အဆင့်မြှင့်တင်ရန် မြို့နယ်ဆောက်လုပ်ရေးဌာနနှင့် ဆက်သွယ်၍ အင်ဂျင်နီယာဒီဇိုင်းပုံစံနှင့် တွက်ချက်မှုဆိုင်ရာ အကူအညီများရယူရပါမည်။

(ဂ) ကန်ထရိုက်နှင့် ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများ

စီမံကိန်းလုပ်ငန်းများ၏ အသေးစိပ်လုပ်ငန်းအမျိုးအစားဖော်ပြချက်တွင် တင်ဒါခေါ်ယူ ဆောင်ရွက်ရမည့်ကိစ္စများကိုလည်း တွေ့ရပါမည်။ ဤလုပ်ငန်းအမျိုးအစားများအတွက် အောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များ၏ ပါဝင်မှုမှာအမှန်ပင် လိုအပ်ပါမည်။

- ဆောက်လုပ်ရေး၊ ကြီးကြပ်ရေးစသည့် လုပ်ငန်းများအတွက် ကန်ထရိုက်များ
- စိုက်ပျိုးရေး၊ မွေးမြူရေးစသည့် သင်တန်းများအတွက် နည်းပညာဆိုင်ရာနှင့် စီမံခန့်ခွဲမှု ဆိုင်ရာဝန်ဆောင်မှုပေးသည့်အဖွဲ့များ (နိုင်ငံတကာဖွံ့ဖြိုးမှုအဖွဲ့အစည်းများ၊ ဒေသဖွံ့ဖြိုးရေး အဖွဲ့ အစည်းများ၊ ပုဂ္ဂလိကအဖွဲ့အစည်များ၊ လူထုအဖွဲ့အစည်းများ)

ကန်ထရိုက်နှင့်ဝန်ဆောင်မှုပေးသည့် အဖွဲ့အစည်းများက စီမံကိန်းလုပ်ငန်းတွင် ဖေါ်ပြ ထားသော သတ်သတ်မှတ်မှတ်ကိစ္စများကိုသာ ကြီးကြပ်မှုပေးမည်ဖြစ်ပြီး လုပ်ငန်းတစ်ခုလုံး လွှမ်းခြုံကြီးကြပ်ရန်တာဝန်မှာ ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးကော်မတီက တာဝန်ပေးထားသောအဖွဲ့၏ တာဝန်သာဖြစ်ပါသည်။ အချို့ကိစ္စများတွင် ကြီးကြပ်ရေးတာဝန်မှာ မြို့နယ်သက်ဆိုင်ရာဦးစီးဌာနက တာဝန်ယူပါမည်။ ဤကိစ္စမျိုးတွင် ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် တာဝန်ပေးထားသော

ကော်မတီကို ဦးဆောင်၍ မြို့နယ်ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် နီးနီးကပ်ကပ် ပူးပေါင်းဆောင်ရွက်ပါမည်။

(ဃ) ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများလည်ပတ်ရန်နှင့် ပြုပြင်ထိန်းသိမ်းရန်အတွက် အဖွဲ့အစည်းဆိုင်ရာအစီအစဉ်များနှင့် ငွေကြေးဆိုင်ရာအစီအစဉ်များ

ကျွန်ုပ်တို့ကော်မတီအနေဖြင့် လုပ်ငန်းတစ်ခုချင်းစီအတွက် ရေရှည်တည်တံ့ရေး အစီအစဉ်များထားရှိမည်။ ဥပမာအားဖြင့် တံတားဆောက်လုပ်ခြင်းလုပ်ငန်းတွင် အသုံးပြုသူများထံမှ အသုံးပြုခကောက်ခံခြင်း၊ စေတနာအလျောက် ထည့်ဝင်လိုသူများထံမှ အလှူငွေကောက်ခံခြင်းတို့ ဆောင်ရွက်မည်။ ထို့အပြင် တံတားပေါ်ဖြတ်သန်းသွားလာသယ်ယူမည့် ပစ္စည်းများ၏ပမာဏကို ကန့်သတ်ခြင်းကဲ့သို့သောစည်းကမ်းများသတ်မှတ်မည်။

ဖွံ့ဖြိုးရေးလုပ်ငန်းများရေရှည်တည်တံ့ရေးအတွက် လုပ်ငန်းအလိုက် သက်ဆိုင်ရာကော်မတီ၊ အဖွဲ့အားတာဝန်အပ်နှင်းဆောင်ရွက်မည် ဖြစ်ပါသည်။ ဥပမာအားဖြင့် တံတားပြုပြင်ထိန်းသိမ်းရေးအတွက် လမ်းကော်မတီ၊ စာသင်ကျောင်းပြုပြင်ထိန်းသိမ်းရေးအတွက် မိဘဆရာအသင်းစသည်ဖြင့် ဆောင်ရွက်ပါမည်။

၁၁။ စီမံကိန်းအားစဉ်ဆက်မပြတ်လေ့လာဆန်းစစ်ခြင်းနှင့် အကဲဖြတ်သုံးသပ်ခြင်း

ကျွန်ုပ်တို့၏ ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်ရာတွင် တိုးတက်မှုအခြေအနေများ အားစနစ်တကျကြီးကြပ်စစ်ဆေးအကဲဖြတ်ကြပါမည်။ အစကနဦး၌ ကြီးကြပ်စစ်ဆေးအကဲဖြတ်ခြင်းလုပ်ငန်းကိုရိုးရှင်းလွယ်ကူသောနည်းလမ်းများဖြင့် ဆောင်ရွက်ပါမည်။ သို့မှသာရည်ရွယ်သည့်အတိုင်း ကြီးကြပ်စစ်ဆေးအကဲဖြတ်သည့် လုပ်ငန်းကိုပြီးမြောက်အောင် ဆောင်ရွက်နိုင်ပါလိမ့်မည်။

လူထုဗဟိုပြု၍ အားလုံးပူးပေါင်းပါဝင်သော ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ် အကောင်အထည်ဖော်သောနည်းလမ်းကို လက်ကိုင်ကျင့်သုံးသည့်အလျောက် ကျွန်ုပ်တို့သည် ကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများကိုကြီးကြပ် စစ်ဆေးသုံးသပ်ရာတွင် ကျေးရွာအတွင်းရှိအဖွဲ့အစည်းများ၊ အိမ်ထောင်စုများ တက်ကြွစွာ အတူပူးပေါင်းဆောင်ရွက်ရန် ဆောင်ရွက်ပါမည်။ ဤသို့ဆောင်ရွက်နိုင်ရန် သင့်တော်သော အဖွဲ့အစည်းစနစ်၊ လုပ်ထုံးလုပ်နည်းများတည်ဆောက်ပါမည်။

(က) ကြီးကြပ်စစ်ဆေးခြင်း (Monitoring)

အထူးသဖြင့် ကျွန်ုပ်တို့သည် ကျွန်ုပ်တို့ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်၏ လုပ်ငန်းပိုင်း ဆိုင်ရာတိုးတက်မှု (physical progress) နှင့် ငွေကြေးဆိုင်ရာတိုးတက်မှု(financial progress) တို့ကို စနစ်တကျ ကြီးကြပ်စစ်ဆေးပါမည်။ ၄င်းစစ်ဆေးခြင်းကို (၃)လပတ် အစီအစဉ်ဖြင့် ဆောင်ရွက်ပါမည်။ ကြီးကြပ်စစ်ဆေးခြင်းလုပ်ငန်းကို ကျေးရွာဖွံ့ဖြိုးရေးကော်မတီ၏ စီစဉ်မှုဖြင့် သက်ဆိုင်ရာ

စီမံကိန်းလုပ်ငန်းအလိုက် တာဝန်ယူဆောင်ရွက်နေသောအဖွဲ့အသီးသီး၊ ကော်မတီ အသီးသီးတို့က မိမိတို့ တာဝန်ကျရာကဏ္ဍအလိုက် စစ်ဆေးသုံးသပ်ပါမည်။

အဖွဲ့အသီးသီး၊ကော်မတီအသီးသီးသည် မိမိတို့၏စီမံကိန်းဆိုင်ရာ ကနဦးသတင်း အချက်အလက်များ (Baseline) ရရှိအောင် ဆောင်ရွက်ကြပါမည်။ ယင်းအခြေခံသတင်းအချက်အလက်များသည် စီမံကိန်း၏ တိုးတက်မှုကိုတိုင်းတာမည့် အညွှန်းကိန်း (indicator)များ ဖြစ်ပါမည်။ (၃)လပတ် ကုန်ဆုံးချိန်တိုင်းတွင် ကော်မတီနှင့် အဖွဲ့အသီးသီးသည် ၄င်းတို့၏ ကြီးကြပ်စစ်ဆေးတွေ့ရှိမှုအစီရင်ခံစာ (monitoring report) ကိုရွာလူထုအစည်းအဝေး၌ အစီရင်ခံတင်ပြပါမည်။ ဆက်လက်ညှိနှိုင်းဆောင်ရွက်ရမည့် ကိစ္စများကို ကျေးရွာဖွံ့ဖြိုးမှုကော်မတီမှ ဦးဆောင်ပါမည်။ (၃)လပတ် ကြီးကြပ်စစ်ဆေးမှုအစီရင်ခံစာသည် အောက်ပါအချက်များအပေါ် ဦးတည်ပါမည်။

(က) လုပ်ငန်းပိုင်းဆိုင်ရာတိုးတက်မှု(Physical progress)

- စီမံကိန်းလုပ်ငန်းများလုပ်ငန်းပိုင်းတိုးတက်မှုနှင့် ပြီးမြောက်မှုအတိုင်းအတာ
- အကောင်အထည်ဖော်ရာတွင် ကြုံတွေ့ရသောအခက်အခဲအဟန့်အတားများနှင့် ပြုပြင်သင့်သော အဆိုပြုချက်များ၊
- ပြုပြင်ပြောင်းလဲဆောင်ရွက်ရန် လိုအပ်သောဖွံ့ဖြိုးရေးဗျူဟာနှင့်စီမံကိန်းများ၊

(ခ) ငွေကြေးဆိုင်ရာတိုးတက်မှု(Financial progress)

- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအနှီး လိုအပ်ချက်များ စုစည်းပြီးစီးမှု (မူလ လျာထားချက်နှင့် နှိုင်းယှဉ်၍)၊
- (၃)လပတ်ကုန်တွင်ရှိသောငွေသားနှင့် အခြားပစ္စည်းလက်ကျန်၊
- ငွေသားနှင့် ငွေသားမဟုတ်သော အရင်းအမြစ်များစုဆောင်းရာတွင် ကြုံတွေ့နေရသော အခက်အခဲများ၊ ပြဿနာများ၊
- ငွေကြေးစုဆောင်းပြင်ဆင်မှုတိုးတက်ရန် အဆိုပြုနည်းလမ်းများ၊

ကျေးရွာဖွံ့ဖြိုးရေးကော်မတီသည် (၃)လပတ်ကြီးကြပ်စစ်ဆေးမှု အစီရင်ခံစာအနှစ်ချုပ်ကို ပြုစုပြင်ဆင်ပြီး သက်ဆိုင်ရာကျေးရွာအုပ်စုဥက္ကဋ္ဌနှင့် သက်ဆိုင်ရာမြို့နယ်ဦးစီးဌာနများသို့ အစီရင်ခံပေးပို့ပါမည်။ အစီရင်ခံစာသည် စာမျက်နှာ ၂ မျက်နှာ ၊ ၃ မျက်နှာခန့်ပါဝင်၍ အောက်ပါအချက်များကို အဓိကထားဖော်ပြပါမည်။ ၄င်းအစီရင်ခံစာတွင် အခက်အခဲနှင့် ရင်ဆိုင်ကျော်လွှားမှုများ၊ ကျေးရွာသူ/သားများ ပြုပြင်ပြောင်းလဲဆောင်ရွက်မည့် အစီအစဉ်များ၊ လိုအပ်သော အကူအညီအထောက်အပံ့များစသည်တို့ ပါဝင်ပါမည်။

(ခ) နှစ်ပတ်လည်ကျေးရွာဖွံ့ဖြိုးရေးအစီအစဉ်အကဲဖြတ်ပွဲ

စီမံကိန်းကာလနှစ်တစ်နှစ်ကုန်ဆုံးချိန်တွင် စီမံကိန်း၏ တိုးတက်မှုအခြေအနေကို ဘက်စုံရှုထောင့်မှ ပြန်လည်သုံးသပ်အကဲဖြတ်ကြပါမည်။ ဤနှစ်ပတ်လည်သုံးသပ်တွေ့ဆုံပွဲ၏ ရည်ရွယ်ချက်မှာ

ကျွန်တို့ ဆောင်ရွက်သောကျေးရွာဖွံ့ဖြိုးရေးလုပ်ငန်းများ၏ တိုးတက်မှုအခြေအနေများ ကိုအောက်ပါ အဖွဲ့အစည်း/ပုဂ္ဂိုလ်များအား ကျွန်ုပ်တို့ကျေးရွာက ဖိတ်ကြားအသိပေးတင်ပြနိုင်သော အခွင့်အလမ်း ဖန်တီးနိုင်ရန် ဖြစ်ပါသည်။ ဖိတ်ကြားမည့်အဖွဲ့အစည်းများမှာ-

- ကျေးရွာအုပ်စုအုပ်ချုပ်ရေးအဖွဲ့
- မြို့နယ်အုပ်ချုပ်ရေးနှင့် အခြားသက်ဆိုင်ရာအဖွဲ့အစည်းများ (ငွေကြေးထည့်ဝင်သူများ၊ ပုဂ္ဂလိက လုပ်ငန်းရှင်များ)
- သတင်းမီဒီယာများ
- ဖွံ့ဖြိုးရေးအဖွဲ့အစည်းများစသည်တို့ဖြစ်ပါသည်။

နှစ်ပတ်လည်သုံးသပ်ပွဲမှ ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးမိတ်ဖက်အဖွဲ့အစည်းများနှင့် အခြားပါဝင် သက်ဆိုင်သူများထံမှ အကြံပြုချက်၊ သုံးသပ်ချက်များရယူနိုင်သော အခွင့်အလမ်းကိုလည်း ရရှိ ပါမည်။ ဤအကြံပြုချက်များဖြင့် ကျွန်ုပ်တို့၏ ဖွံ့ဖြိုးရေးအစီအစဉ်ကို ပြန်လည်ပြုပြင် ဆောင်ရွက် နိုင်မည် ဖြစ်ပါသည်။

(ဂ) နည်းပညာဆိုင်ရာအကူအညီ

ယခုကဲ့သို့ ဖွံ့ဖြိုးရေးအစီအစဉ်ရေးဆွဲခြင်းနှင့် စီမံဆောင်ရွက်စဉ် အစကနဦး ကာလတွင် အချိန်ပိုင်းအလိုက် လေ့လာစောင့်ကြည့်ခြင်းနှင့် အကဲဖြတ်ခြင်းဆိုင်ရာကဲ့သို့ နည်းပညာ အကူအညီ များကို မြို့နယ်အဖွဲ့အစည်းများထံမှ လိုအပ်မည်ဖြစ်သည်။

၁. ကျေးရွာလူမှုစီးပွားရေးဆိုင်ရာအချက်အလက်များ

၁.၁ လူဦးရေနှင့်လူဦးရေဆိုင်ရာအချက်အလက်

ဇယား (၁) လယ်ပုံလေး ကျေးရွာ၏ လူဦးရေနှင့် လူဦးရေဆိုင်ရာအချက်အလက်များ

အသက်အုပ်စု	ကျား	မ	စုစုပေါင်း	စုစုပေါင်း %	ဖွံ့ဖြိုးရေးအမြင်အရ ခွဲခြားထားပုံ
၁ နှစ်အောက်	၉	၆	၁၅	၃	နို့စို့အရွယ်
၁ နှစ်မှ ၅နှစ်	၂၅	၁၄	၃၉	၈	၅နှစ်အောက်ကလေးငယ်
၅ နှစ်မှ ၉နှစ်	၁၈	၁၂	၃၀	၇	မူလတန်းကျောင်းသားအရွယ်
၁၀ နှစ်မှ ၁၄နှစ်၆	၂၄	၂၅	၄၉	၁၁	အလယ်တန်းကျောင်းသား အရွယ်
၁၅ နှစ်မှ ၆၀ နှစ်	၁၆၇	၁၅၂	၃၁၉	၆၉	အလုပ်လုပ်နိုင်သည့်အရွယ်
၆၀ နှစ် နှင့်အထက်	၃	၇	၁၀	၂	သက်ကြီးရွယ်ကြီး
စုစုပေါင်း	**၂၄၆**	**၂၁၆**	**၄၆၂**	**၁၀၀**	

အိမ်ထောင်စုပေါင်း ၇၅ **ပျမ်းမျှလူဦးရေ ၆.၂**

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များအရ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၁.၂ လုပ်သားအင်အား

ဇယား (၂)လယ်ကပုံလေးကျေးရွာ၏ လုပ်သားအင်းအား

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁	***စိုက်ပျိုးရေး (သီးနှံ ထုတ်လုပ်ရေး)***				
	ကိုယ်ပိုင် လုပ်ငန်း	၂၆	၃၅%		
	အလုပ်သမား၊ ကျပန်း၊ ရာသီအလိုက် အလုပ်သမား	၄၉	၆၅%		လယ်ယာကျပန်းလုပ်ငန်းဖြင့် အဓိကအသက်မွေးသူ
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၂	***တိရိစ္ဆာန် မွေးမြူရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၅၄	ကြွေးနွား၊ကြက်၊ဝက်များကို တစ်နိုင်တစ်ပိုင် မွေးမြူသူများ
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၃	***ငါးဖမ်း လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၄၉	ငါးဖမ်းလုပ်ငန်း
	အလုပ်သမား၊ ကျပန်း၊			၁	ငါးအဝယ်တော်
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၄	***သတ္တုတူးဖော်ရေး၊ ကျောက်ထုတ်လုပ်ရေး နှင့် သဘာဝအရင်းအမြစ်များ ထုတ်လုပ်ခြင်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၅	**ထုတ်ကုန်လုပ်ငန်း**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၆	***လျှပ်စစ်၊ ဓာတ်ငွေ့ နှင့် ရေပေးဝေရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၇	***ဆောက်လုပ်ရေး၊ လက်သမား၊ ပန်းရံ လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း			၁	ပန်းရံလယ်လုပ်ငန်းအပြီးတွင် လုပ်ကြသည်
	အလုပ်သမား၊ ကျပန်း၊			၆	ပန်းရံနောက်လိုက်လုပ်ကိုင်ကြ
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၈	***ယာဉ်၊ စက်ကိရိယာ၊ အိမ်သုံး ပစ္စည်းများ ပြင်ဆင်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၉	***ကျွမ်းကျင်ပညာရှင်များ (ဆံပင်၊ အလှပြင်၊ အပ်ချုပ်၊ အင်ဂျင်နီယာ၊ သင်တန်းပေးသူ စသည်)***				
	ကိုယ်ပိုင် လုပ်ငန်း			၄	အပ်ချုပ်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၀	***လက်လီ-လက်ကား ရောင်းဝယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း			၃	အိမ်ဈေးဆိုင်
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၁	***ဟိုတယ် နှင့် စားသောက်ဆိုင် လုပ်ငန်း***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၂	***ပို့ဆောင်ရေး၊ သိုလှောင်ရေး နှင့် ဆက်သွယ်ရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၁	ဆက်သွယ်ရေးရုံးဝန်ထမ်း
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၃	***ငွေချေး ဝန်ဆောင်မှု လုပ်ငန်း (ဘဏ် နှင့် ငွေချေးခြင်း အပါအဝင် ငွေကြေးဝန်ဆောင်မှု လုပ်ငန်း)***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၄	***အိမ်ခြံမြေ ရောင်းဝယ် ငှားရမ်းခြင်း နှင့် ဆက်စပ်သော လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				

စဉ်	လုပ်ငန်းများ	အဓိက အလုပ်အကိုင်		တွဲဖက် အလုပ် အကိုင်	မှတ်ချက်
		အိမ်ထောင်စု	%		
၁၅	**ပြည်သူဝန်ဆောင်မှုလုပ်ငန်းများ (အုပ်ချုပ်ရေး၊ ကာကွယ်ရေး နှင့် ဘေးကင်းလုံခြုံရေး)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၆	***ပညာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၁၁	ကျောင်းဆရာ/မ
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၇	***ကျန်းမာရေး***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၈	***လူမှုရေး လုပ်ငန်းများ***				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၁၉	**အငှားလိုက်ကျပန်းလုပ်သားများ အထက်ဖော်ပြပါလုပ်ငန်းများမှအပ)**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊				
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
၂၀	**ပြင်ပ အဖွဲ့အစည်းများ နှင့် ကုမ္ပဏီများတွင် လုပ်ကိုင်သူများ**				
	ကိုယ်ပိုင် လုပ်ငန်း				
	အလုပ်သမား၊ ကျပန်း၊			၁	(NGO အဖွဲ့အစည်းရုံး)
	ရာသီအလိုက် အလုပ်သမား				
	မိသားစုဝင် လုပ်အား				
	စုစုပေါင်း	၇၅	၁၀၀%		

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များအရ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ။ လက်လုပ်လက်စားအများစုမှာ လယ်ယာ လုပ်ငန်းများ၌ နေ့စားဝင်လုပ်ခြင်းနှင့် လယ်ငှား လုပ်ကိုင်ခြင်း။ လယ်ယာလုပ်ငန်းခွင် အပြီးတွင် ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်ကြသည် မိုးလေကြီးသောနေ့များနှင့် ငါးဖမ်းခွင့်မရရှိသောကာလများတွင် အင်းတော်ကြီးဒေသရှိ ရွှေမှော်များသို့ ရွှေကျင်သွားရောက်ကြခြင်း၊ နွားအငှားကျောင်းခြင်းတို့ကို လုပ်ကိုင်ကြရသည်။

၁.၃ စိုက်ပျိုးနိုင်သောမြေဧရိယာ

၁.၃.၁ ကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

ဇယား (၃)လယ်ပုံလေးကျေးရွာ၏စိုက်ပျိုးမြေဧရိယာ (မြေအသုံးချမှု)

မြေအမျိုးအစား	ဧရိယာ (ဧက)	မြေဆီလွှာအရည်အသွေး ကောင်း/သင့်/ညံ့	ဆည်ရေရရှိမှု (ရ/မရ/အနည်းအကျဉ်း)	ရေအရင်းအမြစ် (ရေရရှိသည့်နေရာ/ ရေပေးနိုင်သည့်ဧက)
လယ်မြေ	၂၅၃	ကောင်း	ရ (မိုးတွင်း)	၂၅၃ဧက ရေရရှိခြင်း
စားကျက်မြေ(အင်းဘေး)	၄၀၀	ကောင်း		
သစ်တောမြေ(စိုက်ဧက-၅၀၊ပြုစုတော-၃၃ဧက၊ထိန်းသိမ်းတော-၁၇ဧက)	၁၀၀	ကောင်း		
စုစုပေါင်း	၇၅၃			

ရည်ညွှန်း ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မှတ်ချက်။ ပြည်တော်သာဆည်မှာ မိုးရေကိုသာ အားထားရ၍(၁)သီးစားသာ စိုက်နိုင်ပါသည်။ အင်းဘေးတွင် စိုက်ပျိုးမြေတိုးချဲ့နိုင်သော်လည်း တရားဝင် မြေပိုင်ဆိုင်ခွင့် မရ၍ အသုံးမပြုကြသေးပါ။ ကျေးရွာအစုအဖွဲ့ပိုင်သစ်တောမြေရှိ စိုက်ဧကများတွင် နှစ်ရှည်ပင်ဖြစ်သည့် (ပျဉ်ကတိုး၊ ကျွန်း၊ ရေမနီ၊ မယ်စလီ၊ သစ်စိမ့်၊ တန်မလန်) စသည်တို့ စိုက်ပျိုးထားပါသည်။

၁.၃.၂ ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

ဇယား(၄) ဓါတ်သတ္တုနှင့်အခြားသဘာဝအရင်းအမြစ်များ

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ)
ကာဗွန်(ဓါတ်ငွေ့/ရေနံ)	မရှိ	

အမျိုးအစား	ရရှိနိုင်မှု (များ/သင့်/နည်း/မရှိ)	လက်လှမ်းမီနိုင်မှု (လွယ်/ခက်/လက်လှမ်းမမီ)
ရွှေ၊ကျောက်	နည်း	ရွာအနီးအနားတွင် တူးကြသည်။
အခြားသဘာဝအရင်းအမြစ်		
ကွဲ၊နွား၊ကျီး၊မျောက်၊ဝက်ဝံ	နည်း	လက်လှမ်းမမီ
မြက်၊ကောက်ရိုး၊ဆင်တုံးမန္တယ်၊ ဆန္ဒင်း၊မိတ်သလင်း	နည်း	လွယ်

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၁.၄ ဥစ္စာဓနအဆင့်အနေအထား

ဇယား (၅)ဥစ္စာဓနအဆင်အခြေအနေ

အကြောင်း အရာ	သတ်မှတ်စံနှုန်း			
	အဆင်ပြေသော အိမ်ထောင်စု	အလယ်အလတ်ရှိ သောအိမ်ထောင်စု	ဆင်းရဲသော အိမ်ထောင်စု	အလွန် ဆင်းရဲသော အိမ်ထောင်စု
မြေယာပိုင်ဆိုင်မှု	၇ ဧက အထက်	၇ ဧက နှင့် အောက်	လယ်ငှါးလုပ်နိုင် ခွင့်ရရှိသူများ	မြေပိုင်ဆိုင်မှု မရှိ
အိမ်အခြေအနေ	သွပ်မိုး၊ပျဉ်ကာ ပျဉ်ခင်း၊နှစ်ထပ်	သွပ်မိုး၊ထရံကာ၊ ပျဉ်	သွပ်မိုး၊ ဝါးကြမ်း ခင်း၊ ဝါးထရံကာ	ဝါးကြမ်းခင်း၊ ထရံကာ၊သွပ်မိုး
လုပ်ငန်းသုံး ကိရိယာပိုင်ဆိုင်မှု	ကွဲ၊ နွား၊ လက် တွန်းထွန်စက်ရှိ၊ ချေလှေ့စက်၊ လှော်၊ ပိုက်	ကွဲ၊နွား၊လက်တွန်းထွန်စက်ရှိ ၊လှော်၊ပိုက်	နွားရှိ၊ လှော်၊ ပိုက်	ပိုက်၊လှော်ရှိ
ကုန်ထုတ်လုပ်မှု နှင့် မဆိုင်သော ပိုင်ဆိုင်မှု	ဆိုင်ကယ်၊ စက်ဘီး၊ မီးစက်၊ ဆိုလာ၊ တီဗွီ၊	ခေါက်တီဗွီ၊ ဆိုလာ၊ဆိုင်ကယ်၊ စက်ဘီး	ခေါက်တီဗွီ၊ ဆိုလာ၊ ဆိုင်ကယ်	ဆိုင်ကယ်
ဥစ္စာဓနအဆင့်	၁၄(၁၉%)	၁၂(၁၆%)	၁၉ (၂၅%)	၃၀(၄၀%)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၁.၅ ဝမ်းစာဖူလုံမှု၊ ဆင်းရဲနွမ်းပါးမှု နှင့် ထိခိုက်လွယ်မှုအခြေအနေ၊

၁.၅.၁ ဝမ်းစာဖူလုံမှု

ဇယား (၆) ဝမ်းစာဖူလုံမှုအခြေအနေ

(ဂ)နှင့် (ဃ)အိမ်ထောင်စုများအနက် အိမ်ထောင်စု (၂၉)အိမ်၏ နေထိုင်စားသောက်မှုနှင့် ဝမ်းစာအခက်အခဲများကို ဖြေရှင်းခြင်းတို့ကို စစ်တမ်းရယူ၍ အောက်တွင်ဖော်ပြထားသည်

အချိန်ကာလ	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖြေရှင်းသည့်နည်းဗျူဟာ
၃ လအောက်	၁	၃	ငွေချေးသူများထံနှင့် ဆွေမျိုးများထံတွင် ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်းဖြစ်လည်း ဖြေရှင်းပါသည်။
၃ လနှင့် ၅ လအထိ	၁၀	၃၅	ငွေချေးသူများထံနှင့်ဆွေမျိုးများထံတွင်ချေးယူစားသုံးကြပါသည်။ လုပ်အားကြိုရောင်းခြင်းဖြစ်လည်း ဖြေရှင်းပါသည်။
၆လ မှ ၁၂ လအထိ	၁၈	၆၂	ငွေချေးသူများထံနှင့်ဆွေမျိုးများထံတွင်ချေးယူစားသုံးကြပါသည်။ စပါးစိမ်းကို ကြိုရောင်းခြင်းဖြင့် လည်းဖြေရှင်းပါ သည်။

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၁.၅.၂ ကူညီစောင့်ရှောက်မှု အထူးလိုအပ်သော အုပ်စုများ၏ ထိခိုက်လွယ်မှု

ဇယား (၇) ကူညီစောင့်ရှောက်မှုအထူးလိုအပ်သောအုပ်စုများ၏ထိခိုက်လွယ်မှုအခြေအနေ

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား	မ	ပေါင်း
သက်ကြီးရွယ်အို ၆၀နှစ် နှင့် အထက်	မိသားစုစောင့်ရှောက်မှုမရှိ	-	၁	၁
မသန်စွမ်းသည့် ပုဂ္ဂိုလ်	မိသားစု/ရပ်ရွာ၏ စောင့်ရှောက်မှုမရှိ	၁	၁	၂

အကြောင်းအရာ	ရှင်းလင်းချက်/ဖော်ပြချက်	ကျား မ ပေါင်း
		အိမ်ထောင်စု အရေအတွက်
အမျိုးသမီးဦးဆောင် သောအိမ်ထောင်စု	ဆင်းရဲ၍မိသားစုဦးရေများ	-
မုဆိုးဖို / တစ်ခုလပ်	ဆင်းရဲ၍မိသားစုဦးရေများ	၂
ဆင်းရဲသည့် အိမ်ထောင်စု	အခြားဒေသသို့ကြာမြင့်စွာ သွားရောက်နေထိုင်လုပ်ကိုင်နေသူ	၂

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

မသန်စွမ်းပုဂ္ဂိုလ် (၂)ဦးသည် ခြေထောက်မသန်ခြင်းနှင့် ဆွဲ့အနားမကြားသူ မောင်နှမ နှစ်ဦး ဖြစ်သည်။ ကျားတစ်ဦးမှာ အင်းတွင်ငါးဖမ်းခြင်း၊ မ တစ်ဦးမှာ ကောက်စိုက်ခြင်းနှင့် အခြား ကျပန်းလုပ်ငန်းကို မောင်နှမနှစ်ဦး လုပ်ကိုင်စားသောက်ကြသည်။ မုဆိုးဖို/တခုလပ် အိမ် (၂) အိမ်ရှိပါသည်။ တစ်အိမ်သည်မူးယစ်ဆေးဝါး သုံးစွဲနေခြင်းကြောင့် မူလတန်းကျောင်းနေရွယ် ကလေး(၂)ဦးမှာ ပညာရေးနှင့် စားဝတ်နေရေး အခက်အခဲရှိပါသည်။ နောက် ၁ အိမ်သည် ဥဏ္ဍာရည်မမီ သော ကလေး(၁)ဦးရှိပါသည်။

၁.၅.၃ ကျေးရွာ၏ထိခိုက်သက်ရောက်လွယ်မှုအခြေအနေ

ဇယား (၈) ထိခိုက်လွယ်မှုအမျိုးအစားများ

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	စားနပ်ရိက္ခာမဖူလုံမှု	လတ်	ဆင်းရဲသောတောင်သူမိသားစုများသည်ရာသီဥတုဆိုးဝါးသော ကာလများတွင် ငါးဖမ်းခြင်းလုပ်ငန်းမထွက်နိုင်သဖြင့် မိသားစု ဝမ်းစာခက်ခဲမှုရှိပါသည်။
၂	သဘာဝအရင်းအမြစ်ရှားပါးမှု (မြေ၊စိုက်ပျိုးရေ...)	လတ်	ယာမြေတိုးချဲ့ရန်အင်းဘေးရှိ ဧက (၄၀၀)ခန့်သည် ရွာပိုင်နယ်နိမိတ်အတွင်းတရားဝင်ပိုင်ဆိုင်ခွင့် လျှောက်ထားမှုရရှိခဲ့လျှင်ယာမြေဖော်ထုတ်ဖေါ်ထုတ်နိုင်မည်။

စဉ်	ထိခိုက်လွယ်မှုအမျိုးအစား	ထိခိုက်လွယ်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၃	ရေကြီးခြင်း	မြင့်	မိုးများချိန်တွင် ရွာလမ်းများ ရေမြုပ်သဖြင့် သွားလာရေးခက်ခဲခြင်း နှင့် သီးနှံရေလွှမ်းသောကြောင့် အထွက်နှုန်းကျခြင်းတို့ဖြစ်သည်။
၄	မိုးခေါင်ခြင်း	နိမ့်	တစ်ခါတစ်ရံသာဖြစ်ခြင်း
၅	မုန်တိုင်း	နိမ့်	တစ်ခါတစ်ရံသာဖြစ်ခြင်း
၆	ငလျင်	နိမ့်	တစ်ခါတစ်ရံသာဖြစ်ခြင်း
၇	မီးဘေး	နိမ့်	ဖြစ်လေ့ဖြစ်ထမရှိပါ။
၈	ဆားငံရေဝင်မြေ	မသက်ဆိုင်ပါ	
၉	မြေပြိုခြင်း၊ မြေဆီလွှာပျက်ယွင်းမှု	မသက်ဆိုင်ပါ	
၁၀	သစ်တောပြုန်းတီးခြင်း	မြင့်	သစ်ထုတ်ခြင်း၊ ထင်းခုတ်ခြင်းနှင့် ရွာအနီးတဝိုက်တွင် ရွှေတူးခြင်းများ ပြုလုပ်ခြင်း ရှိပါသည်။
၁၁	ငှက်ဖျားရောဂါ	လတ်	ငါးဖမ်းသမား၊ရွှေ၊ကျောက်ရှာသောသူများငှက်ဖျားရောဂါကူးစက်နိုင်သောသူများဖြစ်သည်။
၁၂	တီဘီရောဂါ	နိမ့်	ရောဂါဖြစ်သူမရှိ။
၁၃	ကိုယ်ခံအားကျဆင်းမှုရောဂါ	လတ်	ရွာတွင်မူးယစ်ဆေးသုံးစွဲသူများရှိခြင်းနှင့် ရွှေ၊ကျောက်လုပ်ကိုင်သူများသည်ကျန်းမာရေးဗဟုသုတ မရှိခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၁.၅.၄ ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

ဇယား (၉) ထိခိုက်သက်ရောက်မှုခံရနိုင်သည့်အုပ်စု

စဉ်	အမျိုးအစား	ထိခိုက်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
၁	လူငယ်	မြင့်	မူးယစ်ဆေးဝါးသုံးစွဲမှုရှိသည်
၂	အမျိုးသမီးဦးဆောင်သည့် ဆင်းရဲသည့်အိမ်ထောင်စု	နိမ့်	စောင့်ရှောက်မည့် သား/သမီးများရှိခြင်း
၃	မြေယာမဲ့၊ဆင်းရဲသားတောင်သူ	မြင့်	လုပ်ငန်းအခွင့်အလမ်းနည်းပါးခြင်း၊ ငါးမဖမ်းရနေရာ သတ်မှတ်ထားခြင်း။
၄	လက်လုပ်လက်စားများ၊ ကျပန်း	မြင့်	ကျပန်းလုပ်ကိုင်သူများသည် အဓိက ငါးဖမ်းလုပ်ငန်းကို လုပ်ကိုင်သူများ ဖြစ်၍ ရာသီဥတုဖေါက်ပြန်ပါက အင်းထဲသို့မသွားနိုင်သဖြင့် ဝမ်းစာခက်ခဲနိုင်သည်။ ထို့ပြင်အသက်အန္တရာယ် ကျရောက်နိုင်သည်။
၅	လူနည်းစုလူမျိုးများ	-	
၆	ဒေသတွင်းပဋိပက္ခဧရိယာ	-	
၇	နယ်စပ်ဒေသ	-	
၈	ရွှေတွင်းလုပ်သား/ ကျောက်တွင်းလုပ်သား	မြင့်	ကူးစက်ရောဂါများ ၄က်ဖျား၊ ခုခံအား ကျဆင်းမှုရောဂါများ ဖြစ်နိုင်သည်။
၉	ဆေးစွဲသူများ	မြင့်	အချို့သောလူငယ်၊ လူလတ်ပိုင်းသည် မူးယစ်ဆေးဝါးသုံးစွဲကြသည်။
၁၀	ကူးစက်ရောဂါရနိုင်ခြေရှိသော သူများ	မြင့်	ရွှေ၊ ကျောက် ရှာသောလုပ်သားများ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂ ကျေးလက်မိသားစုများ၏ လက်ရှိဖွံ့ဖြိုးရေးအခြေအနေပြဇယားများ

၂.၁ ဖွံ့ဖြိုးရေးအဖွဲ့အစည်းများအခြေအနေ

၂.၁.၁ ကျေးရွာတွင်းရှိလူထုအခြေပြုအဖွဲ့အစည်းများ

ဇယား (၁၀) ကျေးရွာတွင်းရှိ လူထုအခြေပြုအဖွဲ့အစည်းများ

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၁	ရပ်မိရပ်ဖအဖွဲ့	၃	၃	-	၃	ကျေးရွာရှိ အဖွဲ့တိုင်းကိုအုပ်ချုပ်စီမံရပါသည်။	ကျေးရွာ	ကောင်း
၂	ဂေါပကအဖွဲ့	၃	၂	-	၂	ဘာသာရေး၊လူမှုရေး၊သာရေး/နာရေးများတွင် ပါဝင်ဆောင်ရွက်ခြင်း	ကျေးရွာ	ကောင်း
၃	ပေါ်ခိန် (အမျိုးသားအဖွဲ့)	၃	၅	-	၅	သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း (ထမင်းချက်/ပြုတ်ဧည့်ခံခြင်း)	ကျေးရွာ	ကောင်း
၄	မယ်ခိန် (အမျိုးသမီးအဖွဲ့)	၃	-	၅	၅	သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း (ထမင်းဟင်းချက်၊ဧည့်ခံကျွေးမွေးခြင်း)	ကျေးရွာ	ကောင်း
၅	အပျိုလူပျိုအဖွဲ့	၃	၃	၂	၅	သာရေးနာရေးတွင်ပါဝင်ဆောင်ရွက်ခြင်း(ဧည့်ခံကျွေးမွေးခြင်းနှင့် အခမ်းအနားပြင်ဆင်ခြင်း)	ကျေးရွာ	ကောင်း
၆	ကလေးသူငယ်ဖွံ့ဖြိုးရေးအဖွဲ့	၂	၃	၇	၁၀	မူကြိုဖွင့်လှစ်ခြင်း	ပြင်ပ	ကောင်း

စဉ်	အဖွဲ့အစည်း အမည်	အမျိုး အစား (၁/၂/၃)	အဖွဲ့ဝင်ဦးရေ			လုပ်ငန်း တာဝန်	ဦးဆောင် ဖွဲ့စည်း သူများ (၄/၅)	စွမ်း ဆောင် နိုင်မှု (၆/၇/၈)
			ကျား	မ	ပေါင်း			
၇	သဘာဝပါတ် ဝန်းကျင်ထိန် သိမ်းရေး အသင်း	၂	၁၈	-	၁၈	ငှက်၊ငါး၊ သစ်တော၊ တောင်များကို ထိန်းသိမ်းခြင်း။	ပြင်ပ	ကောင်း
၈	ရေလုပ်သား အဖွဲ့	၁	၅	-	၅	ငါးမဖမ်းရ ခုံ သတ်မှတ်ပြီး ထိန်းသိမ်းခြင်း။	ပြင်ပ	ကောင်း
၉	ဒေသခံများမှ ဦးဆောင်သော အသက်မွေးဝမ်း ကျောင်းစီမံခန့် ခွဲရေးအသင်း	၁	၂	၄	၆	ချေးငွေလုပ်ငန်း	ကျေးရွာ	သင့်
၁၀	မေတ္တာဖေါင် ဒေးရှင်း	၂	၅	၄	၉	ကလေးသူငယ် ဖွံ့ဖြိုးရေးအစီ အစဉ်၊ကျန်းမာ ရေးဟောပြောပွဲ ပြုလုပ်ခြင်း၊ လှည့်ပါတ်ရံပုံ ငွေရှာဖွေခြင်း။	ပြင်ပ	ကောင်း
၁၁	အစုအဖွဲ့ပိုင် သစ်တော	၂	၁၈		၁၈	သစ်တောများ ကို ပြုစုခြင်း၊ ထိန်းသိမ်းခြင်း နှင့်စိုက်ပျိုးခြင်း	ပြင်ပ	ကောင်း
၁၂	ကိုယ့်အား ကိုယ်ကိုးအဖွဲ့	၁	၄		၄	ငွေစုငွေချေးလုပ် ငန်းဆောင်ရွက် ခြင်း	ကျေးရွာ	ကောင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) စီးပွားရေးအခြေခံသောအုပ်စု- လယ်သမားအဖွဲ့၊ ငွေစုငွေချေးအဖွဲ့ စသည့်

(၂) လူမှုရေးအဖွဲ့ - ဥပမာ- အမျိုးသမီးအဖွဲ့၊ လူငယ်အဖွဲ့၊ ကိုယ်ထူကိုယ်ထအဖွဲ့

(၃) ဘာသာရေးနှင့် ယဉ်ကျေးမှုအဖွဲ့

ဦးဆောင်ဖွဲ့စည်းသူများ

(၄) ကျေးရွာလူထုကိုယ်တိုင်

(၅) ပြင်ပအဖွဲ့အစည်း

အဖွဲ့စွမ်းဆောင်နိုင်မှုအခြေအနေ

(၆) ကောင်း

(၇) သင့်

(၈) ညံ့ (အားနည်း)

၂.၁.၂ ဖွံ့ဖြိုးရေးအထောက်အပံ့များအတွက် ပြင်ပအဖွဲ့အစည်းများ၏ အခြေအနေ

ဇယား (၁၁) ကျေးရွာဖွံ့ဖြိုးရေးဆောင်ရွက်နေသော ပြင်ပအဖွဲ့အစည်းများ

စဉ်	အမည်	အဖွဲ့အစည်းအမျိုးအစား (၁/၂/၃/၄/၅/၆/၇)	အဖွဲ့အစည်း၏ လုပ်ငန်းတာဝန်များနှင့် အစီအစဉ်
၁	မဘသ(နန့်မွန်း)	၁	ဓမ္မစကူးလ်ကျောင်းဖြစ်မြောက်အောင် ဆောင်ရွက်ခြင်း။
၂	Flora and Fauna International (အပြည်ပြည်ဆိုင်ရာ အပင်နှင့် တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရေးအဖွဲ့)	၂	သဘာဝစနစ်ကို အခြေခံ၍ ခရီးသွားလုပ်ငန်းဖွံ့ဖြိုးရေးစီမံချက်၊ English, Computer သင်တန်းပြုလုပ်ခြင်း၊ တောရိုင်းတိရိစ္ဆာန်ထိန်းသိမ်းရန် အမြင်ဖွင့်သင်တန်းပေးခြင်း၊ ငှက်ကြည့်သင်တန်း အင်းတော်ကြီးကန်ထိန်းသိမ်းရေးနှင့် သဘာဝစိမ်းလန်းစိုပြေရေးအဖွဲ့နှင့် ချိတ်ဆက်ဆောင်ရွက်လေ့ရှိပါသည်။
၃	မေတ္တာဖေါင်ဒေးရှင်း	၂	ကလေးသူငယ်ဖွံ့ဖြိုးရေးနှင့်ကျန်းမာရေး ဟောပြောပွဲပြုလုပ်ခြင်း၊ ECCD(Early Childhood Care and Development)

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ ရက်၊ ဩဂုတ် လ၊ ၂၀၁၅ နှစ်)

မှတ်ချက်။

အုပ်စုအမျိုးအစား

(၁) ဘာသာရေးနှင့်ပတ်သက်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၂) အစိုးရမဟုတ်သောအဖွဲ့အစည်း (ပြည်တွင်း/ပြည်ပ)

(၃) အရပ်ဘက်လူမှုအဖွဲ့အစည်း

(၄) ဘက်ပေါင်းစုံဖွံ့ဖြိုးရေးအဖွဲ့အစည်းများ(ဥပမာကုလသမဂ္ဂအဖွဲ့၊ကမ္ဘာ့ဘဏ်၊အာရှဖွံ့ဖြိုးရေးဘဏ်)

(၅) ကဏ္ဍအလိုက် ဖွံ့ဖြိုးရေးအဖွဲ့အစည်း (ဥပမာ - UK Aid, GIZ စသည့်)

(၆) ပရဟိတအဖွဲ့ (ပြည်တွင်း/ပြည်ပ)

(၇) ပုဂ္ဂလိကအဖွဲ့အစည်းများ

၂.၂ စီးပွားရေးနှင့်အသက်မွေးဝမ်းကြောင်းလုပ်ငန်းများ၊

၂.၂.၁ စိုက်ပျိုးရေးသီးနှံ

၂.၂.၁.၁ စိုက်ပျိုးမြေပိုင်ဆိုင်မှု

ဇယား (၁၂) ကျေးရွာ၏စိုက်ပျိုးမြေပိုင်ဆိုင်မှု၊မြေယာပိုင်ဆိုင်သည့်အိမ်ထောင်စု

စဉ်	မြေပိုင်ဆိုင်မှု အရွယ်အစား	အိမ်ထောင်စု အရေအတွက်	အိမ်ထောင်စု %	ဖွံ့ဖြိုးရေးအမြင် သတ်မှတ်ချက်
၁	မြေယာမဲ့	၄၉	၆၅	မြေမဲ့ယာမဲ့၊လယ်ငှားရမ်းလုပ်ကိုင်သူများ
၂	၂.၅ဧကအောက်(၁ဟတ်တာထိ)	–	–	မရှိ
၃	၂.၅ဧကမှ ၅ ဧကထိ(၂ ဟတ်တာထိ)	၉	၁၂	တောင်သူငယ်
၄	၅ဧကမှ၁၂.၅ဧက (၅ဟတ်တာထိ)	၁၄	၁၉	အလယ်အလတ်တောင်သူ
၅	၁၂.၅ဧကအထက်(၅ဟတ်တာနှင့်အထက်)	၃	၄	တောင်သူကြီး
	ကျေးရွာရှိအိမ်ထောင်စုစုစုပေါင်း	**၇၅**	**၁၀၀**	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၂.၁.၂ အစိုးရနှင့်ပုဂ္ဂလိက ရေအရင်းအမြစ်များမှ ရေသွင်းနိုင်သည့်ဧရိယာ

ဇယား (၁၃) ကျေးရွာ၏ ရေအရင်းအမြစ်နှင့် ရေသွင်းဧရိယာ

စဉ်	အရင်းအမြစ်	အစိုးရနှင့် ပုဂ္ဂလိက	ရေသောက်ဧက	ရရှိနိုင်မှု (တနှစ်ပတ်လုံး/ရာသီအလိုက်)
၁	ဆည် (ပြည်တော်သာ)	ပုဂ္ဂလိက	၂၅၃	မိုးတွင်းမှသာရေရရှိသည်
၂	ရေလွှဲဆည်			
၃	မြစ်ရေတင်စီမံကိန်း			
၄	ဆည်မြောင်း			
၅	အဝီစိတွင်း			

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

၂.၂.၁.၃ အဓိကသီးနှံများနှင့် အထွက်နှုန်း

ဇယား (၁၄) အဓိကသီးနှံများနှင့်အထွက်နှုန်း

သီးနှံ	ဧက	ယူနစ်	သီးနှံထွက်မှု			သီးနှံစိုက်ပျိုးသည့်ကာလ	သွင်းအားစု လိုအပ်ချက် (နိမ့်/လတ်/မြင့်)	အမြတ်ရရှိနိုင်မှု (နိမ့်/လတ်/မြင့်)	မှတ်ချက်
			အနည်းဆုံး	အများဆုံး	ပျမ်းမျှ				
စပါး	၂၅၃	တင်း	၈၀	၁၂၀	၉၀	ဇွန်လမှ ဒီဇင်ဘာ	လတ်	လတ်	စပါး
မြေပဲ	၅	တင်း	၃၀	၆၀	၅၀	ဒီဇင်ဘာမှ မတ်ဆောင်းမြေပဲ	နိမ့်	လတ်	မြေပဲ

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

၂.၂.၁.၄ လယ်ယာသုံးစက်ကိရိယာများ

ဇယား (၁၅) ကျေးရွာ၏ စိုက်ပျိုးရေးသုံးကိရိယာများပိုင်ဆိုင်မှု
(လယ်ယာသုံးစက်ကိရိယာပိုင်ဆိုင်သောအိမ်ထောင်စုများ)

စက်အမျိုးအစား	အိမ်ထောင်စု အရေအတွက်	ရှာပိုင်ဆိုင်မှု	မှတ်ချက်/ အခြေအနေ
လက်တွန်းထွန်စက်	၉	ပုဂ္ဂလိက	မိမိလယ်ပြီးချိန်တွင် အငှားလိုက်သည်။ ထွန်ခ ၁၄၀၀လျှင် ၂၅၀၀၀/-ကျပ်၊ ထယ်ခ ၁၄၀၀လျှင် ၂တင်း
ခြွေလှေ့စက်	၃	ပုဂ္ဂလိက	တင်း(၁၀၀) ချွေလျှင် စပါး ၂ တင်း
ရေစုပ်စက်	၂	ပုဂ္ဂလိက	မိမိအိမ်သုံး

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၂.၁.၅ သီးနှံထုတ်လုပ်မှုတိုးတက်စေနိုင်သည့်အခွင့်အလမ်းများ

ဇယား (၁၆) သီးနှံအထွက်နှုန်းတိုးစေရန်အတွက် အခွင့်အလမ်းများ

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
မြေ(စိုက်ပျိုးမြေရရှိနိုင်မှု၊ မြေဆီ၊ဩဇာ)	ရှိ	စိုက်ပျိုးမြေကောင်းသည်။ အင်းနဘေးရှိ မြေများကို ယာမြေ အဖြစ် တိုးချဲ့စိုက်ပျိုးနိုင်သည်။
ရေအရင်းအမြစ်	ရှိ	ပြည်တော်သာဆည်မှ မိုးစပါးအတွက်ရေလုံလောက်စွာ ရရှိသည်။ မြေအောက်ရေလည်း ရရှိနိုင်ပါသည် ။
သဘာဝမြေဆွေး၊ သြဂဲနစ်	ရှိ	ပဲပုတ်ရိုး၊ ကောက်ရိုးဆွေးများ၊ နွားချေးများရှိခြင်းကြောင့် စိုက်ပျိုးမြေအတွက် မြေဩဇာရရှိနိုင်သည်
ချေးငွေရရှိမှု	ရှိ	မြန်မာ့လယ်ယာဖွံ့ဖြိုးရေးဘဏ်နှင့်သမဂ္ဂာနတို့၏ ချေးငွေရရှိခြင်း၊ ကျေးရွာအတွင်း ချေးငွေရရှိနိုင်ရှိသော ငွေစုငွေချေး အဖွဲ့များရှိခြင်း
သွင်းအားစုဈေးကွက်	ရှိ	မိုးညှင်းမြို့နယ် နန့်မွန်းကျေးရွာတွင် လိုအပ်သော မြေဩဇာ ပိုးသတ်ဆေး၊ လယ်ယာသုံး စက်ကိရိယာများ ရရှိနိုင်ခြင်း
ဝန်ဆောင်မှုဈေးကွက်	ရှိ	ထုတ်ကုန်သီးနှံများ ကိုကျေးရွာတွင်လာရောက်ဝယ်ယူကြသည်။

အခြေအနေ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
ထုတ်လုပ်မှုဈေးကွက်နှင့် ကုန်သွယ်မှု	ရှိ	သီးနှံတိုးတက်ထုတ်လုပ်နိုင်ရန်နှင့် ဈေးကွက်သို့ တင်ပို့နိုင်သည့် လမ်းပန်းဆက်သွယ်ရေးကောင်းမွန်ခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၂.၁.၆ သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ဇယား (၁၇) သီးနှံထုတ်လုပ်မှုအတွက် ပြဿနာနှင့်စိန်ခေါ်မှုများ

ပြဿနာ	ရှိ/မရှိ	ဖော်ပြချက်/ရှင်းလင်းချက်
စပါးအပြီး၊ ယာသီးနှံစိုက်ပျိုး၍မရခြင်း	ရှိ	ကျွဲ၊နွားလွှတ်ကျောင်းစနစ်များထိန်းကွပ်မှုမရှိခြင်းနှင့် တောင်သူများ စုပေါင်းဆောင်ရွက်မှုမပြုလုပ် နိုင်သေးခြင်း
လိုအပ်သောအချိန်တွင်ချေးယူနိုင်သော စိုက်စရိတ်ချေးငွေဝန်ဆောင်မှုမရှိခြင်း	ရှိ	စိုက်ဘဏ်၊သမအသင်းများမှ ချေးငွေနောက်ကျခြင်း၊မလုံလောက်ခြင်း၊ချေးငွေကာလတိုတောင်းခြင်း၊ တို့ကြောင့် သွင်းအားစုများကို အချိန်မီမဖြည့်တင်းနိုင်ခြင်း
ကျွမ်းကျင်လုပ်သားရှားပါးမှု	ရှိ	လယ်ယာလုပ်ငန်းကိုစွန့်၍ ရွှေ့ပြောင်းလုပ်ငန်းများလုပ်ကိုင်လာကြသည်
ဆည်မြောင်းရေ အပြည့်အဝမရရှိခြင်း	ရှိ	ရေလွှဲမြောင်းများကိုစနစ်တကျမပြုပြင်နိုင်ခြင်း၊ နှင့်စရိတ်မတတ်နိုင်ခြင်း၊ မိုးများသောနှစ်မှသာ ဆည်မြောင်းမှတဆင့် စပါးအောင်ရေရရှိခြင်း
ဖျက်ပိုးနှင့်ရောဂါကျရောက်ခြင်း။	ရှိ	သီးနှံများတွင် ကြွက်ဖျက်ဆီးမှုကြောင့် များစွာပျက်စီးဆုံးရှုံးပါသည်။ ကာကွယ်နှိမ်နှင်းနည်းများဆောင်ရွက်ရန် မရှိသေးခြင်း။
ထိရောက်သောနည်းပညာဝန်ဆောင်မှုများကိုလက်လှမ်းမီရန်မလွယ်ကူခြင်း	ရှိ	ဈေးကွက်ဝင်တန်ဖိုးမြင့် သီးနှံများကို စိုက်ပျိုးရန် နည်းပညာ အကူအညီများမရရှိခြင်း
ပွဲစားများလက်ဝါးကြီးအုပ်မှုခံရ	ရှိ	ကုန်သည်ပွဲစားများ၏ ဈေးနှိမ်ခြင်းကိုခံရခြင်း
အစိုးရမူဝါဒနှင့် အစီအစဉ်	ရှိ	လယ်ယာထွက်ကုန်များရောင်းချရာတွင်ခိုင်မာသောဈေးကွက်အခြေအနေဖန်တီးရန်အကာအကွယ်ပေးသည့် အစိုးရမူဝါဒများမရှိခြင်း

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၂.၂ မွေးမြူရေးနှင့်ငါးလုပ်ငန်း

၂.၂.၂.၁ မွေးမြူရေးပိုင်ဆိုင်မှုနှင့် ငါးမွေးမြူရေးလုပ်ငန်း(အိမ်ထောင်စု)

ဇယား (၁၈) မွေးမြူရေးနှင့်ငါးလုပ်ငန်းဆောင်ရွက်မှုအခြေအနေ (အိမ်ထောင်စု)

မွေးမြူရေးနှင့်ငါးလုပ်ငန်း	အိမ်ထောင်စု	မှတ်ချက်/အခြေအနေ
မွေးမြူရေး		
နွား	၂၂	၆၅ကောင် (လယ်ယာတွင် အသုံးပြုသည်။)
ကျွဲ	၆	၆၆ကောင်
ဝက်	၂၅	(၁၀၇) ကောင် တစ်နိုင် တစ်ပိုင် မွေးသည်။
ကြက်	၃၈	(၅၄၉) ကောင် တစ်နိုင်တစ်ပိုင်မွေးသည်။
ငါးလုပ်ငန်း		
ငါးကန်		
ပုဇွန်ကန်		
ရေချိုငါးဖမ်းလုပ်ငန်း	၄၉	အင်းတော်ကြီးကန်တွင်ငါးဖမ်းခြင်း
ကမ်းလွန်ငါးဖမ်းလုပ်ငန်း		
ဂဏာန်းမွေးမြူရေးလုပ်ငန်း		

ရည်ညွှန်း ကျေးရွာအခြေအနေကို ဆယ်အိမ်မှူးများကိုယ်တိုင် စစ်တမ်းကောက်ယူထားသော သတင်းအချက်အလက်များ(၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅ခုနှစ်)

မှတ်ချက်။ ။ ငါးမွေးမြူရေးလုပ်ငန်းကို လုပ်ကိုင်လိုကြသော တောင်သူများရှိသည်။ သို့သော် ကျေးရွာတွင် သိုလှောင်ရုံ အဆောင်းခန်းများမရှိပါ။

၂.၂.၂.၂ မွေးမြူရေးနှင့် သားငါးထုတ်လုပ်မှုတိုးတက်စေနိုင်သည့် အခွင့်အလမ်းများ

ဇယား (၁၉) ကျေးရွာ၏ မွေးမြူရေးကဏ္ဍ ထုတ်လုပ်မှုတိုးတက်စေရန်အတွက် အခွင့်အလမ်းများ

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
စားကျက်မြေ	စားကျက်မြေသီးသန့်မရှိပါ။ အင်းနဘေးတွင်ပလပ်မြေ ဧက(၄၀၀)ခန့် ရှိသည်။
ရေရရှိမှု	ရေဘုံဘိုင်၊ အင်း၊ ရေမြောင်းရှိသည့်အတွက် တိရိစ္ဆာန်မွေးမြူရန် ရေရရှိနိုင်ခြင်း

အခွင့်အလမ်း	ဖော်ပြချက်/ရှင်းလင်းချက်
တိရိစ္ဆာန်မျိုး	ဝက်မျိုးကောင်းများကိုဒေသတွင်းရှာဖွေဝယ်ယူနိုင်ခြင်း နွား၊ဥစားကြက်စသည့်မျိုးကောင်းများအတွက် အချိတ်အဆက်များ လိုအပ်ပါသည်။
ချေးငွေ	ကျေးရွာအတွင်း ငွေစုငွေချေးအဖွဲ့များရှိခြင်း။ မေတ္တာဖေါင်ဒေးရှင်းမှ လှည့်ပတ် ရန်ပုံငွေထူထောင်ပေးထားခြင်း။
သွင်းအားစုဈေးကွက်	ဖွဲ၊ ဆန်ကွဲကို ရွာတွင်ဝယ်ယူရလွယ်ပါသည်။ ပိန်းပင်၊ ငှက်ပျောပင်နှင့် အခြားအသီးအရွက်များစွာလည်းရှိသည်။
ဝန်ဆောင်မှုဈေးကွက်	-
ထုတ်ကုန်ရောင်းဝယ်မှု	ရွာအတွင်းလာရောက်ဝယ်ယူကြသည်။
အိမ်ခြံဝင်းအတွင်းမြေနေရာရှိမှု	အိမ်ခြံဝင်းအတွင်းမိသားစုတစ်ပိုင်တနိုင်မွေးမြူရေးကောင်းစွာ ဆောင်ရွက်နိုင်သည့်မြေနေရာများရှိခြင်း
အခြား(၁)	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၂.၃ မွေးမြူရေး နှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာ နှင့်စိန်ခေါ်မှုများ

ဇယား (၂၀) မွေးမြူရေးနှင့်သားငါးထုတ်လုပ်မှုအတွက် ပြဿနာနှင့် စိန်ခေါ်မှုများ

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေး	
ချေးငွေလက်လှမ်းမီမှု အလုံအလောက်မရနိုင်ခြင်း။	ကျေးရွာအတွင်းငွေစုငွေချေးအဖွဲ့ရှိသော်လည်းအဖွဲ့ဝင်များသာ ချေးနိုင်ခြင်း၊ အလုံအလောက်ချေးယူခွင့်မရှိခြင်း
မိုးဦးကျဆောင်ရာသီတို့တွင် ရောဂါဖြစ်ပွားမှုရှိခြင်း။	နွားများခွါနာ၊ လျှာနာရောဂါများဖြစ်ပွားမှုရှိခြင်း၊ ဝက်နာရွက်ပြာ နှင့်လည်ကြောင်းကွဲရောဂါဖြစ်ခြင်း။
သွင်းအားစုဈေးကွက်	မျိုးကောင်းမျိုးသန့်များအား လက်လှမ်းမီရန်ခက်ခဲမှုရှိ
ဝန်ဆောင်မှုဈေးကွက်	သယ်ယူပို့ဆောင်ရေးဆိုင်ရာ ဝန်ဆောင်မှုများ၊ နည်းပညာဝန်ဆောင်မှုများ မဖွံ့ဖြိုးသေးပါ။
ထုတ်ကုန်ရောင်းဝယ်မှုဈေးကွက်	ရောင်းဝယ်မှု၊ ထုတ်လုပ်မှုဈေးကွက်နှစ်မျိုးလုံး မဖွံ့ဖြိုးသေးခြင်း

ပြဿနာနှင့်အခက်အခဲစိန်ခေါ်မှုများ	ဖော်ပြချက်/ရှင်းလင်းချက်
မွေးမြူရေးနှင့်ကုသရေးဆိုင်ရာ ဗဟုသုတ စီးပွားဖြစ်မွေးမြူရေးလုပ်ငန်းများ အတွက် လိုင်စင်လက်လှမ်းမီမှု	ကုသရေးဆိုင်နှင့် ပတ်သက်သောသင်တန်းတက် ရောက်ဖူးသူရှိသော်လည်း လုပ်ကိုင်ဆောင်ရွက်မှုမရှိခြင်း၊ မွေးမြူရေးလိုင်စင်၊ အသားထုတ်လုပ်ရောင်းချလိုင်စင် ရရှိရန်မလွယ်ကူခြင်း
ငါးလုပ်ငန်း	
ငါးဖမ်းခွင့်လက်လှမ်းမီမှု	ငါးဖမ်းဧရိယာကန့်သတ်ထားခြင်း။
ငါးဖမ်းခွင့် ကုန်ကျစရိတ်မြင့်မားမှု	-
အရင်းအနှီးလက်လှမ်းမီမှု	မွေးမြူရေးကန်များပြုလုပ်ရန်အတွက် အရင်းအနှီးလက် လှမ်းမီမှုမရှိခြင်း။
အခြား	

ရည်ညွှန်း .. ကျေးရွာအခြေအနေကို ကျေးရွာသူ/ရွာသားများကိုယ်တိုင် ဆန်းစစ်အကဲဖြတ်ခြင်းမှ ရရှိသော သတင်းအချက်အလက်များ (၂၇-၂၉ရက်၊ဩဂုတ်လ၊၂၀၁၅နှစ်)

၂.၃.၃ စိုက်ပျိုးမွေးမြူရေးမဟုတ်သောဝင်ငွေရလုပ်ငန်းများ

